ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်

၏

(၁၂) ကြိမ်မြောက်

နှစ်ပတ်လည်အထွေထွေအစည်းအဝေး

သို့တင်ပြသည့်

ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ နှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း



ရက်စွဲ။ ။၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်

ဥက္ကဋ္ဌ၏ အစီရင်ခံစာ
"လေးစားအပ်ပါသော အစုရှယ်ယာရှင်များ"

မိမိတို့ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (GLAD) သည် ၂၀၀၆ ခုနှစ်က စတင်၍ ဖွဲ့စည်းခဲ့ပြီး၊ ဒီနှစ်ဆိုရင် (၁၂)နှစ် သက်တမ်းသို့ ရောက်ရှိလာခဲ့ပြီး၊ ဒီကုမ္ပဏီကြီး စတင်တည်ထောင်စဉ်က ကနဦး ကုန်သည် လုပ်ငန်းရှင် (၇)ဦးနဲ့ စတင်တည်ထောင်ခဲ့ကြရာမှ အစုရှယ်ယာများ ဖိတ်ခေါ်၍ အများပြည်သူသို့ ရှယ်ယာများ ရောင်းချပေးခဲ့ပြီး လုပ်ငန်းများကို တစ်နှစ်ပြီးတစ်နှစ် ကြိုးစားဆောင်ရွက်ခဲ့သည်မှာ ယနေ့အခါမှာတော့ တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် "နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်လာစေရန် အဓိက ခြေလှမ်းတစ်ရပ်ဖြစ်တဲ့ မြန်မာကုမ္ပဏီများဥပဒေ(၂၀၁၇)ကို ၂၀၁၇ခုနှစ် ဒီဇင်ဘာလ (၆)ရက်တွင် နိုင်ငံတော် သမ္မတကြီးမှ အတည်ပြုခဲ့ပြီး၊ အဆိုပါဥပဒေကို နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၂) ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၈)အရ အခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှာ စတင်ကျင့်သုံးနေပြီဆိုတာ အစုရှယ်ယာရှင်ကြီးများအားလုံး သိရှိထားကြပြီးဖြစ်ပါတယ်"

အခု စတင်ကျင့်သုံးနေပြီဖြစ်တဲ့ ကုမ္ပဏီဥပဒေသစ်ဟာ မြန်မာနိုင်ငံသားကုမ္ပဏီတွေမှာ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ၏အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် အဆင့်အတန်းကို မထိခိုက်စေဘဲ နိုင်ငံခြားသား ပါဝင်ရင်းနှီးခွင့်ကို (၃၅%) အထိ ခွင့်ပြုပေးထားပြီ ဖြစ်ပါတယ်။ သို့ပါ၍ မိမိတို့ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီအခွင့်အရေး မဆုံးရှုံးစေဘဲ ကုမ္ပဏီအတွင်းသို့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံလိုသူများကို (၃၅%)အထိ တရားဝင် ဖိတ်ခေါ်ခွင့် ရရှိသွားပြီ ဖြစ်ပါတယ်။

ရှယ်ယာရှင်တွေရဲ့ အကျိုးစီးပွားအတွက် အခုလို ကုမ္ပဏီဥပဒေသစ်က ပေးထားတဲ့လုပ်ငန်းတိုးချဲ့နိုင်မည့်အခွင့်အရေးကို ထိထိမိမိဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအသစ် (Constitution)ကို ရေးဆွဲခဲ့ရာ အစုရှင်များသို့ ယခုအစီရင်ခံစာနှင့်အတူ ကြိုတင်ပေးပို့ပြီး ယခုကျင်းပမည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးနှင့် ပူးတွဲကျင်းပမည့် အထူးအထွေထွေအစည်းအဝေးကြီးတွင် အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။

မိမိတို့ကုမ္ပဏီအနေဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် ရေတိုဝင်ငွေရရှိနိုင်မှု နှစ်ပိုင်းမျှတစွာ ခွဲခြားပြီး အာရုံစိုက်လုပ်ကိုင်ခဲ့သည့်အပြင် ကုန်သွယ်မှုလုပ်ငန်းများ၊ အကျိုးတူလုပ်ငန်းများ၊ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်ကတည်းက ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို တိုးချဲ့လုပ်ကိုင်ရန်စီစဉ်ခဲ့ရာ ပထမဆုံး မိမိတို့ရဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် မိမိကိုယ်တိုင် ဦးစီးတည်ထောင်ခဲ့သော Myanmar Thilawa SEZ Holdings Public Limited (MTSH) တွင် ကနဦးပါဝင်သည့် အဖွဲ့ဝင် ကုမ္ပဏီ(၈)ခုနှင့်အတူ အဖွဲ့ဝင်ကုမ္ပဏီတစ်ခုအဖြစ် ငွေကျပ်သိန်း (၁၉၅၀၀)အား ထည့်ဝင်ကာ ၂၀၁၄ ခုနှစ်မှစတင်၍ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ယခုအခါ စတော့ရှယ်ယာဈေးကွက်တွင် မူလရှယ်ယာတန်ဖိုးထက် (၃)ဆခန့် မြင့်

တက်လျက်ရှိပြီး အလွယ်တကူ ရောင်းချခြင်း/ ဝယ်ယူခြင်း ပြုလုပ်နိုင်သည့် အစုရှယ်ယာလည်း ဖြစ်ပါတယ်။ MTSH ကုမ္ပဏီထံမှလည်း နှစ်စဉ် ထိုက်ထိုက်တန်တန် အမြတ်ဝေစုများ ရရှိခဲ့ပါတယ်။

ဒုတိယ ရေရှည်ရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၁၆ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ရှိ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော "Myanmar Agro Exchange Public Limited (MAEX)"တွင် ကနဦး ပါဝင်ရင်းနှီးမြှုပ်နှံ သည့် ကုမ္ပဏီတစ်ခုအဖြစ် ကျပ် သိန်း (၂၀၀၀၀) ထည့်ဝင်ရင်းနှီးမြှုပ်နှံထားပါတယ်။ မိမိတို့ ကုမ္ပဏီ သည် MAEX တွင် အစုရှယ်ယာပါဝင်မှု ရာခိုင်နှုန်းအချိုးမှာ (၉.၂၄%) ဖြစ်ပါသည်။ ယခုအခါ တည်င်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမာန်လက်ကား ဈေးသစ်ကြီးမှာလည်း ပထမအဆင့် ဈေးဆိုင် ခန်း ဖွင့်လှစ်နေပြီဖြစ်ပါတယ်။ စတင်ထည့်ဝင်ခဲ့ပြီး တစ်နှစ်အတွင်းမှာပင် ယခုအခါ MAEX ရှယ်ယာ ဈေးနှုန်းမှာလည်း (၂၅)% ခန့် မြင့်တက်နေပြီး ဖြစ်ပါကြောင်း အသိပေးလိုပါတယ်။

တတိယ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် နိုင်ငံတော်၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှုအဖြစ် လုပ်ဆောင်ခွင့်ရရှိသည့် Telecom International Myanmar Co Ltd သည် Myanmar National Telecom Holding Public Ltd (MNTH), Star High Public Co နှင့် ဗီယက်နမ် Viettel Group တို့ ပူးပေါင်းဖွဲ့စည်း ထားသည့် ကုမ္ပဏီဖြစ်ပြီး၊ မိမိတို့ GLAD ကုမ္ပဏီအနေဖြင့် MNTH တွင် အခြားအများပိုင်ကုမ္ပဏီ (၁၀)ခုနှင့်အတူ ရင်းနှီးမြှုပ်နှံငွေ မြန်မာကျပ်ငွေ သိန်း (၁၅၃၅၃.၀၉၃၄၄) သိန်း ထည့်ဝင်ထားပြီး၊ မိမိ တို့ကုမ္ပဏီသည် MNTH တွင် အစုရှယ်ယာပါဝင်မှု ရာခိုင်နှုန်းအချိုးမှာ (၃.၃၇၉)% ဖြစ်ပါတယ်။ ယခု အခါ အများသိကြပြီးဖြစ်သည့်အတိုင်း MyTEL ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက် နေပြီဖြစ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။

မိမိတို့အနေဖြင့် လွန်ခဲ့တဲ့ ငါးနှစ်ခန့်ကတည်းက ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့ဆောင်ရွက်မယ်လို့ အသိပေးကတိပြုခဲ့သည့်အတိုင်းအကျိုးရှိမည့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် အနေအထားဖြစ် ပါ တယ်။

မိမိတို့ ရေရှည်ရင်းနှီးမြှုပ်နှံထားသည့် MAEX နှင့် MNTH တို့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကို စတင်လုပ်ကိုင်စပြုသည့် ကာလဖြစ်သည့်အတွက် အမြတ်ဝေစု (Dividend) ထုတ်ယူခွင့် ရရှိနိုင် ရန် အချိန်ကာလတစ်ခု လိုအပ်မည်ဖြစ်ပါကြောင်း အစုရှယ်ယာများအား အသိပေးပြောကြားလိုပါ တယ်။

ဒို့အပြင် ရေတိုအတွင်း အကျိုးအမြတ်ရရှိ၍ အစုရှင်များအား အမြတ်ဝေစု (Dividend) ပေး နိုင်ရန် ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းအနေဖြင့် MNTH ကုမ္ပဏီ၏ လုပ်ငန်းများတွင် ပါဝင် သော ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းအတွင်း တယ်လီဖုန်း မိုက်ခရိုဝေ့(ဗ်) တာဝါတိုင် တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ကန်ထရိုက်ရယူ၍ မိမိတို့ ဒါရိုက်တာအဖွဲ့ဝင်များကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသဖြင့် ယခုအခါတွင် အကျိုးအမြတ်များလည်း ရရှိခဲ့ပါသည်။

MNTH တွင် တိုးချဲ့ရင်းနှီးမြှုပ်နှံရန်ရှိသည့်အပြင် ရေတိုဝင်ငွေရရှိမည့် လုပ်ငန်းများတွင်လည်း ရင်းနှီးလုပ်ကိုင်နိုင်ရန်အတွက် ယခု၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု (Dividend) ကို ၂၀၁၈ခုနှစ်နိုဝင်ဘာလ ၂ ရက်နေ့က ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၈) ဆုံးဖြတ်ချက် အရ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အထိ ထည့်ဝင်ထားသော အစုရှယ် ယာငွေ ပေါ်တွင်သာ အမြတ်ဝေစုများ ခွဲဝေပေးရန်နှင့် အစုရှယ်ယာတစ်စုလျှင် (၁၂)% အမြတ်ဝေစု

(Dividend) ခွဲဝေပေးရန် အဆိုပြုဆုံးဖြတ်ခဲ့ပြီး၊ ယခုနှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အစုရှင်များမှအတည်ပြု ပေးရန် ဖြစ်ပါသည်။

(၂၈.၂.၂၀၁၈) မှ (၃.၄.၂၀၁၈) ရက်နေ့အထိ ဒုတိယအကြိမ် Right Issue Share ဖြင့် ရောင်းချခဲ့ရာ ရှယ်ယာရှင် (၂၁၆)ဦးမှ အစုရှယ်ယာ (၁၅၃၅၈၅)စု ထပ်မံဝယ်ယူခဲ့ကြပါသည်။ အဆိုပါ ထပ်မံထည့်ဝင်ထားသည့် အစုငွေများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နောက်ပိုင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်တွင် အကျိုးခံစားခွင့် ရရှိသွားမှာဖြစ်ပါတယ်။

မိမိတို့ ဒါရိုက်တာအဖွဲ့ရဲ့ မျှော်မှန်းချက်သည် မိမိတို့၏ အစုရှယ်ယာရှင်များ၏ ရှယ်ယာတန်ဖိုးကို မြှင့်တင်ပေးစေနိုင်ရေးနှင့် ရေရှည်အမြတ်စွန်း တိုးတက်ရရှိစေခြင်းဖြင့် နှစ်စဉ် အမြတ် (Dividend) အား အစုရှယ်ယာရှင်များကို စဉ်ဆက်မပြတ် ထုတ်ပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ကုမ္ပဏီကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ ပြီးနောက် အစုရှယ်ယာရှင်များအား ၂၀၀၇-၂၀၀၈ ခုနှစ်မှစ၍ အမြတ်ဝေစုများ ခွဲဝေပေးခဲ့ရာ ယခုနှစ် ၂၀၁၇-၁၈ နှစ်အထိ (၁၂)နှစ်တာကာလအတွင်း ပေးချေခဲ့ပြီးသော အမြတ်ဝေစုမှာ ကနဦး မူလရှယ်ယာများ ဝယ်ယူထည့်ဝင်ခဲ့ကြသူများအား ထည့်ဝင်ခဲ့သော မတည်ငွေရင်း၏ (၂၃၂%)ကို ပြန်လည် ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ် ။

ကုမ္ပဏီသည် အစုရှယ်ယာရှင်များ၏ လိုအပ်ချက်ဖြစ်သည့် နှစ်စဉ်အမြတ်ဝေစုခွဲဝေပေးနိုင်ခဲ့သလို၊ လက်ရှိရင်းနှီးမြှုပ်နှံဆောင်ရွက်မှုများအပြင် ရေရှည် အကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း ဆက်လက်တိုးချဲ့ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်များကိုလည်း အချိန်နှင့်တပြေးညီ အသိပေးသွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေစဉ်မှာပင် ယခုနှစ် အမြတ်ဝေစုများ ခွဲဝေပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုကုမ္ပဏီအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများလုပ်ကိုင်နိုင်ရန် မိမိနှင့်အတူ ညှိနှိုင်းပူးပေါင်း လက်တွဲဆောင်ရွက်ပေးခဲ့ကြသည့် ဒါရိုက်တာအဖွဲ့ဝင်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကျွန်တော်တို့ ဒါရိုက်တာအဖွဲ့၏ ကြိုးစားအားထုတ်မှုများအပေါ် စဉ်ဆက်မပြတ် နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပံ့ပိုးကူညီခဲ့ကြသော အစုရှယ်ယာရှင်များ၊ ဝန်ထမ်းများ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက် မိတ်ဖက်ကုမ္ပဏီများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ရှေ့ဆက်၍လည်း ကုမ္ပဏီအကျိုးရှိစေရန်အတွက် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစွမ်းကုန် ပူးပေါင်းကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါသည်။

ဝင်းအောင်

ဥက္ကဋ္ဌ

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်

၏

(၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့

တင်ပြသည့်

ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	နိဒါန်း	၁
၂	ကုမ္ပဏီတည်ထောင်သည့် ရည်ရွယ်ချက်	၁
၃	ကုမ္ပဏီစတင်တည်ထောင်သူ ဒါရိုက်တာများ	၁
၄	ကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်း	၂
၅	၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခန့်ထားခြင်း	၂
၆	ကုမ္ပဏီ၏ မတည်ရင်းနှီးငွေနှင့် အစုရှယ်ယာများ	၄
၇	ရင်းနှီးမြှုပ်နှံမှုများ	၄
၈	ရေရှည်အကျိုးတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ	၄
၉	ကုမ္ပဏီလုပ်ငန်းများ စီမံခန့်ခွဲမှုအခြေအနေ	၈
၁၀	နှစ်ပတ်လည် အစည်းအဝေးကျင်းပခြင်း	၉
၁၁	ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်ခန့်ထားခြင်း	၉
၁၂	ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း	၉
၁၃	အမြတ်ဝေစုခွဲဝေပေးခြင်း	၉
၁၄	ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ	၁၀
၁၅	နိဂုံး	၁၁

- နောက်ဆက်တွဲ - ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များ

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
၏
(၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့
တင်ပြသည့်
ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

၁။ နိဒါန်း

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးအား (၁၆.၁၂.၂၀၁၈)ရက်၊ စနေနေ့ နံနက် (၉း၀၀) နာရီတွင် အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်၊ မင်္ဂလာခန်းမတွင်ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် တင်ပြသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း ဖြစ်ပါသည်။

၂။ ကုမ္ပဏီတည်ထောင်သည့်ရည်ရွယ်ချက်

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်သည် မြန်မာနိုင်ငံသား၊ စိတ်ပါဝင်စား ပြည်သူအများ အစုရှယ်ယာထည့်ဝင်နိုင်ရေး၊ အမြတ်ခွဲဝေခံစားခွင့်ရရှိရေးကို အလေးထားလျက် အစီအမံများချမှတ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များ ထားရှိပါသည်။

မူလစတင်တည်ထောင်စဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်း ပိုမိုရရှိစေရန်ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးပြည်နယ်၊ နန်နင်းမြို့တွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ကူးသန်းရောင်းဝယ်ရေး၊ အဆောက်အဦးများ၊ စီးပွားရေး ဆိုင်ရာ ကိုယ်စားလှယ်ရုံးများ တည်ဆောက်ရန်အတွက် မြေကွက်များပေးအပ်ခဲ့ရာ အဆိုပါပေးအပ်သည့် မြေကွက်များပေါ်တွင် နိုင်ငံတော်ကိုယ်စား တာဝန်ယူတည်ဆောက်ရန်အတွက် အများပိုင်ကုမ္ပဏီတစ်ခု လိုအပ် လာခြင်းကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်ကို ကနဦး ဦးဆောင်ဖွဲ့စည်းတည်ထောင်သူ (၇) ဦးဖြင့် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့ ခွင့်ပြုချက်ဖြင့် ကနဦး စတင်တည်ထောင်ခဲ့ပါသည်။ အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့ပြီး နောက် အများပိုင်ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ကုမ္ပဏီ၏လုပ်ဆောင်ချက်များအပေါ် ယုံကြည်အားထားကြ သူ ပြည်သူများအနေဖြင့် ရှယ်ယာအစုများ ထည့်ဝင်ရင်းနှီးမြှုပ်နှံလာကြခြင်းကြောင့် ထိုအရင်းအနှီးများဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်မှာ ယခုအခါ (၁၂)နှစ်ရှိခဲ့ပြီဖြစ်ပါသည်။

၃။ ကုမ္ပဏီစတင်တည်ထောင်သူ ဒါရိုက်တာများ

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်အား မူလစတင်တည်ထောင်သူ (Founder) အောက် ဖော်ပြပါ ဒါရိုက်တာများသည် အစဉ်အလာကောင်းမွန်၍ ဂုဏ်သတင်းရှိသူ မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်း ရှင်များ၊ မူလကနဦး ဒါရိုက်တာများဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့်

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်များတွင် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် အောက်ပါအတိုင်း တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

	အမည်	ရာထူး
(၁)	ဦးဝင်းမြင့်	ဥက္ကဋ္ဌ
(၂)	ဦးဝင်းအောင်	ဒုတိယဥက္ကဋ္ဌ
(၃)	ဦးဇော်မင်းဝင်း	ဒါရိုက်တာ
(၄)	ဦးအောင်လွင်	ဒါရိုက်တာ
(၅)	ဦးစိန်ဝင်းလှိုင်	ဒါရိုက်တာ
(၆)	ဦးထွန်းအောင် (မြန်မာညွန့်)	ဒါရိုက်တာ
(၇)	ဦးငြိမ်းအောင်	မန်နေးဂျင်းဒါရိုက်တာ

၄။ ကုမ္ပဏီ၏ ရှေ့ဆောင်ရွက်မည့်လုပ်ငန်း

ကုမ္ပဏီသည် သင်းဖွဲ့စည်းမျဉ်းမှတ်တမ်းနှင့် ကုမ္ပဏီမှတ်ပုံတင်တွင် ပါရှိသော ရည်ရွယ်ချက်ပါ လုပ်ငန်းများ တည်ဆဲဥပဒေနှင့်အညီ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ အစုရှယ်ယာ ထည့်ဝင်နိုင်ပြီး ထိုက်သင့်သော အကျိုးအမြတ်ခွဲဝေခံစားခွင့် ရရှိရန်အတွက် လုပ်ငန်းများစီမံချက်ချမှတ်ပြီး မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံ၌ဖြစ်စေ၊ စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် နည်းပညာ၊ အတတ်ပညာရယူ၍ ပူးပေါင်းဆောင်ရွက်ခြင်း ဖက်စပ်(JV) လုပ်ငန်းများလည်း လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခန့်ထားခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင် (၁၂)ဦးအနက်မှ ဒါရိုက်တာ (၄)ဦးဖြစ်သော ဒါရိုက်တာ ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးထွန်းအောင်နှင့် ဦးစိန်ဝင်းလှိုင်တို့ နုတ်ထွက်ကြပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များစာရင်းအား (၃၀.၁၂.၂၀၁၇) ရက်နေ့တွင် ပြုလုပ်သည့် “၁၁” ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးနှင့် ဒါရိုက်တာအဖွဲ့အစည်းအဝေး (၉/၂၀၁၇) ဆုံးဖြတ်ချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြန်လည်ရွေးချယ်ခန့်ထားသည့် အောက်ဖော်ပြပါ ဒါရိုက်တာ (၁၁)ဦးကို တာဝန်ပေးအပ်ကြောင်း ယင်းအစည်းအဝေးကြီးမှ ဆုံးဖြတ်ခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များမှာ -

	အမည်	အလုပ်အကိုင်/တာဝန်	ရာထူး
(၁)	ဦးဝင်းအောင်	ဥက္ကဋ္ဌ ဒဂုန်အင်တာနေရှင်နယ်လီမိတက်	ဥက္ကဋ္ဌ
(၂)	ဦးချစ်ဆွေ	ကုန်သည်	ဒုတိယဥက္ကဋ္ဌ
(၃)	ဦးဇော်မင်းဝင်း	ဥက္ကဋ္ဌ၊ UMFCCI နှင့် MD, Myanmar Industries Holding Ltd.	ဒါရိုက်တာ
(၄)	ဦးခိုင်ငွေး	ကုန်သည်	ဒါရိုက်တာ
(၅)	ဦးအောင်ဇော်ဦး	MD, အောင်နိုင်သစ္စာကုမ္ပဏီလီမိတက်	ဒါရိုက်တာ
(၆)	ဦးကျော်တင်မြင့်	ဥက္ကဋ္ဌ၊ မြတ်ချမ်းသာကုမ္ပဏီလီမိတက်	ဒါရိုက်တာ
(၇)	ဒေါ်ရန်လင်း	ဖက်ရှင်လုပ်ငန်းပိုင်ရှင်၊ မေလင်းဖက်ရှင်နှင့် ဆန်းသစ်လှွင်အပ်ချုပ်လုပ်ငန်း	ဒါရိုက်တာ
(၈)	ဦးမင်းစိန်	ကုန်သည်	ဒါရိုက်တာ
(၉)	ဦးကျော်ဒေဝ	MD, UKD World Class International Co.,Ltd.	ဒါရိုက်တာ
(၁၀)	ဦးအေးဝင်း	တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UMFCCI	ဒါရိုက်တာ (UMFCCI အစုရှယ်ယာ ကိုယ်စားပြု)
(၁၁)	ဦးထွန်းအောင်	MD, Myanmar Nyunt Co.,Ltd.	မန်နေးဂျင်း ဒါရိုက်တာ

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးချစ်ဆွေ (ဒုတိယဥက္ကဋ္ဌ)သည် (၁၁.၈.၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် (၂.၁၁.၂၀၁၈)ရက်နေ့တွင် ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ (၇/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာ (၁၀)ဦးဖြင့် ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ ၊ ဒါရိုက်တာများ ခန့်အပ်ခြင်း ပုဒ်မ ၁၇၃၊ ပုဒ်မခွဲ (ခ)တွင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများသည် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်စီ၌ ဒါရိုက်တာဦးရေ စုစုပေါင်း၏ သုံးပုံတစ်ပုံ (သို့မဟုတ်) သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးဖြစ်သည့် အရေအတွက်သည် ရာထူးမှ အငြိမ်းစားယူရမည်ဟု ပြဋ္ဌာန်းထားခြင်းနှင့်အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာများ အလှည့်ကျ ထွက်ပေးရန် ဖြစ်သည့်အလျောက် ဒါရိုက်တာအဖွဲ့ဝင် (၁၀)ဦးအနက်မှ ဒါရိုက်တာ(၃)ဦးဖြစ်သော ဦးအောင်ဇော်ဦး၊ ဦးကျော်တင်မြင့်၊

ဦးနိုင်ငွေးတို့မှ နုတ်ထွက်ကြမည်ဖြစ်ပြီး၊ ဒါရိုက်တာအဖြစ်ပြန် လည်ရွေးချယ်ခံလိုပါက ရွေးချယ် ပိုင်ခွင့်ရှိပါသည်။

၆။ **ကုမ္ပဏီမတည်ရင်းနှီးငွေနှင့် အစုရှယ်ယာများ**

ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်း (Authorized Capital)သည် ၁၀,၀၀၀,၀၀၀,၀၀ဝ/ (ကျပ်သန်းတစ်သောင်းတိတိ)ဖြစ်၍ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) သတ်မှတ်ပြီး အစုရှယ်ယာပေါင်း (၁,၀၀၀,၀၀၀)ဖြစ်ပါသည်။ ယင်းအစုရှယ်ယာရှင်များအနက် (က)အစုရှယ်ယာ (၅၀၀,၀၀၀)စုနှင့် (ခ)အစုရှယ်ယာ (၅၀၀,၀၀၀)စု ခွဲခြားထားရှိပါသည်။

ထိုကဲ့သို့ (က)အစုရှယ်ယာနှင့် (ခ)အစုရှယ်ယာခွဲခြားထားရခြင်းမှာ ငွေကြေးအင်အားကြီးမားသူများမှ ငွေလုံးငွေရင်းဖြင့်ဝင်လာပြီး ချုပ်ကိုင်လာခြင်း မဖြစ်စေရန် ခွဲခြားထားခြင်းဖြစ်ပါသည်။ (က)အစုရှယ်ယာများကို တစ်စုလျှင် (၂)မဲ ပေးနိုင်ခွင့်ဖြင့် တည်ထောင်သူ မူလအစုရှယ်ယာရှင်များမှသာ ဝယ်ယူခွင့်ရရှိမည်ဖြစ်ပြီး (ခ) အစုရှယ်ယာကို တစ်စုလျှင် (၁)မဲပေးနိုင်ခွင့်ဖြင့် အများပြည်သူများသို့ ခွဲဝေရောင်းချပေးခဲ့ပါသည်။

၇။ **ရင်းနှီးမြှုပ်နှံမှု**

ယခုအခါ ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်တွင် အစုရှယ်ယာရှင် (၆၅၂) ဦးရှိပြီး (၂၈.၂.၂၀၁၈)မှ (၃.၄.၂၀၁၈)ရက်နေ့အထိ ဒုတိယအကြိမ် Right Issue Share ဖြင့်ရောင်းချခဲ့ရာ ရှယ်ယာရှင် (၂၁၆)ဦးမှ အစုရှယ်ယာ (၁၅၃၅၈၅)စု ထပ်မံဝယ်ယူခဲ့သဖြင့် (က) အစုရှယ်ယာ (၁၂)ဦး အစု(၇၉၉၂၅)နှင့် (ခ) အစုရှယ်ယာရှင် (၆၄၀)ဦး၏ အစု (၄၇၃၄၉၈) အစုအရေအတွက်စုစုပေါင်း (၅၅၃၄၂၃) တန်ဘိုးအားဖြင့် ၅,၅၃၄,၂၃၀,၀၀ဝ/- ကို မတည်ရင်းနှီးထားပါသည်။

၈။ **ရေရှည်အကျိုးတူရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

၈-၁။ **မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holding Public Limited - MTSH) တွင် ရင်းနှီးမြှုပ်နှံမှု**

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်သည် ၂၀၁၃ ခုနှစ်တွင် သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက် အကောင်အထည်ဖော်ရန်အတွက် ဖွဲ့စည်းထားသော Myanmar Thilawa SEZ Holding Public Limited (MTSH)တွင် စတင်တည်ထောင် ထည့်ဝင်သည့် ကုမ္ပဏီတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

MTSH ကုမ္ပဏီသို့ ရင်းနှီးမြှုပ်နှံမှုငွေ ကျပ်သိန်း (၁၉၅၀၀)အား ထည့်ဝင်ခဲ့ရာ အစုရှယ်ယာပါဝင်မှု (၅%) ဖြစ်ပြီး အခြားကုမ္ပဏီ (၈)ခု အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာမှ စီးပွားရေးအဖွဲ့အစည်းကြီးများနှင့် ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုကိုလွှမ်းမိုးစွာရရှိနေသော စီမံကိန်းကြီး တစ်ခုဖြစ်ပါသည်။

Myanmar Thilawa SEZ Holding Public Limited (MTSH) ကို ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၄၈၄/၂၀၁၃-၂၀၁၄) ဖြင့် မြန်မာကုမ္ပဏီများ အက်

ဥပဒေနှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ယခုအခါ သီလဝါအထူးစီးပွားရေးဇုံတွင် ဘက်စုံထောက်ပံ့ပို့ဆောင်ရေးဗဟိုချက် စီမံကိန်း (Multi Modal Logistic Hub) တစ်ခုဖြစ်လာစေမည့် ရင်းနှီးမြှုပ်နှံတည်ဆောက် ဆောင်ရွက်ရန် ဖြစ်နိုင်ချေအကြို လေ့လာမှု (Feasibility Study) များလည်း လုပ်ဆောင်နေပါတယ်။ ထို့အပြင် တရုတ်နိုင်ငံ CITIC Consortium နှင့် ပူးပေါင်းအကောင်အထည်ဖေါ်ရန်ဖြစ်သော ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် အကျိုးရှိမှုဖြစ်နိုင်ချေ (Feasibility Study)များဆွေးနွေးလေ့လာညှိနှိုင်း ဆန်းစစ်မှုများ ဆောင်ရွက်လျက် ရှိနေပါတယ်။ အလားတူပင် ကချင်ပြည်နယ်တွင် မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုံ စီမံကိန်းတွင်လည်း ပါဝင်ရင်းနှီးမြှုပ်နှံရန် အကျိုးရှိမှုဖြစ်နိုင်ချေများ၊ ဆွေးနွေးလေ့လာ ညှိနှိုင်းဆန်းစစ်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါတယ်။

၎င်းအပြင် GLAD အနေဖြင့် အစုရှယ်ယာထည့်ဝင်ထားသည့် MTSH သည် အစိုးရ၏ ကိုယ်စားလှယ်ဖြစ်သော သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီမှ တည်ထောင်ထားသည့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကုမ္ပဏီ (TSMC) မှ (၂၀%)၊ MTSH အနေဖြင့် (၈၀%) ထည့်ဝင် ပူးပေါင်းကာ Thilawa Property Development Limited (TPD) ကို ၂၀၁၅ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် တည်ထောင်ခဲ့ပါသည်။ အဆိုပါ ကုမ္ပဏီသည် သီလဝါအထူးစီးပွားရေးဇုန်တွင် ပထမအဆင့်အဖြစ် အကောင်အထည်ဖော်လျက်ရှိသော ဇုန် "အေ" ရှိ လူနေအိမ်ယာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦးများ ရင်းနှီးတည်ဆောက်မှု (Residential & Commercial) အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

Thilawa SEZ Residential and Commercial Zone အတွင်း ဂျပန်ဟိုတယ်လုပ်ငန်းဆက် (Japan Hotel Chain) တစ်ခုဖြစ်တဲ့ Super Hotel လာရောက် တည်ဆောက် ဖွင့်လှစ်နိုင်ရန်အောင်မြင်စွာ ဖိတ်ခေါ်နိုင်ခဲ့ပါသည်။ ယခုနှစ်တွင် လုပ်သားအဆောင်များ (Workers Dormitories)ကိုလည်း စတင်ငှားရမ်းခဲ့ပြီး၊ TPD အတွက် ပုံမှန်ဝင်ငွေရလမ်းတစ်ခုကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးဝင်းအောင်သည် သီလဝါအထူးစီးပွားရေးဇုံကြီး ဖြစ်ပေါ်လာရေးအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံကြား၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ညှိနှိုင်းဆောင်ရွက်ခဲ့သူဖြစ်ပြီး၊ MTSH ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၃-၂၀၁၄ ခုနှစ် ကုမ္ပဏီစတင်တည်ထောင်စဉ်ကပင် စတင်ဦးဆောင်ခဲ့ပြီး၊ ယနေ့တိုင် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်ဆက်လက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ GLAD ကုမ္ပဏီ မှ ဒါရိုက်တာ ဦးကျော်တင်မြင့် (ခ) ဦးတင်မြင့်သည် အဆိုပါ MTSH တွင် Alternative Director အဖြစ် တာဝန် ထမ်းဆောင် လျက်ရှိပါသည်။ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (GLAD) သည် MTSH တွင် ရင်းနှီး ငွေကျပ်သိန်း (၁၉၅၀၀) အတွက် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွက်

(၂၀%) အမြတ်ဝေစု ကျပ် (၃၉၀၀)သိန်း ကိုလည်းကောင်း၊ ရန်ကုန်စတော့အိတ်(စ်)ချိန်း (YSX) ဝင်ပြီးနောက် ထပ်မံ၍ ၂၀၁၅-၁၆ ခုနှစ် အစုအရေအတွက် (၁၉၈၄၀၆၀ အပေါ်တွင် (၂၅%) အမြတ်ဝေစုငွေ ကျပ် ၄၉၆၀.၁၅ သိန်း၊ ၂၀၁၆-၁၇ ခုနှစ် အစုအရေအတွက် (၁၉၀၈၅၂၅) အပေါ်တွင် (၂၆%) အမြတ်ဝေစု ငွေကျပ် (၄၉၆၂.၁၆) သိန်း၊ ၂၀၁၇-၁၈ ခုနှစ် အစုအရေအတွက် (၁၇၇၁၅၄၆) အပေါ်တွင် (၂၃%) အမြတ်ဝေစု ငွေကျပ် (၄၀၇၄.၅၅၅၈)သိန်း အသီးသီး အကျိုးအမြတ် လက်ခံရရှိပြီးဖြစ်ပါသည်။ ၁၁.၃.၂၀၁၈ ဘဏ္ဍာနှစ်တွင် YSX စတော့ဈေးကွက်တွင် MTSH ရှယ်ယာတစ်စု (၁၀၀၀ ကျပ်)၏ တန်ဖိုးသည် ကျပ် (၂၈၅၀)ခန့်ရှိပြီး၊ ယခုအစီရင် ခံစာပြုစုချိန် တွင် ရှယ်ယာတစ်စုတန်ဘိုးမှာ ကျပ် (၂၉၅၀) ဖြစ်ပါသည်။

၈-၂။ မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက် (Myanmar Agro Exchange Public Limited - MAEX) တွင်ရန်းနီးမြှုပ်နှံမှု

Myanmar Agro Exchange Public Limited (MAEX)ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်- ၁၇၈၉/၂၀၁၅-၂၀၁၆ (ရက) (၁၄-၉-၂၀၁၅)ဖြင့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည် ထောင်ခွင့်ပြုခဲ့ပါသည်။

Myanmar Agro Exchange Public Limited (MAEX) သည် နိုင်ငံတစ်ဝှမ်းလုံးရှိ စိုက်ပျိုးသူ တောင်သူများ၊ ဝယ်ယူစားသုံးသူများ၊ လက်လီလက်ကား ရောင်းချသူများ၊ ပြည်ပ တင်ပို့သူများအား တိုက်ရိုက်ဆက်သွယ် ပေါင်းကူးပေးသော ဗဟိုချက်ဖြစ်လာမည့် နိုင်ငံ တကာ အဆင့်မီဈေးကြီးအဖြစ် အကောင်အထည်ဖော်ရန်နှင့် Agro Commodity Exchange Center တစ်ခု ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် ခွင့်ပြုချက်အရ ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းဈေးအနီး မြေကွက် (၈၃) ကေပေါ်တွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် လက်ကားဈေးကြီးအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် Myanmar Agro Exchange Public Limited (MAEX)တို့မှ အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် လုပ်ငန်းတွင် ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်မှ ရင်းနှီး မြှုပ်နှံငွေ ထည့်ဝင်ထားရှိပါသည်။

ရင်းနှီးမြှုပ်နှံငွေ ကျပ်သိန်း (၇၅၀၀)အား (၈.၆.၂၀၁၅)ရက်နေ့ ပြုလုပ်သည့် ဒါရိုက်တာ အဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၅)မှ ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ (၁၄.၁၂.၂၀၁၅) ရက်နေ့ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၅)ဖြင့် ကျပ်သိန်း (၇၅၀၀) အားလည်းကောင်း၊ Right Share အနေဖြင့် (၁၈.၁၁.၂၀၁၆)ရက်နေ့တွင် ကျပ်သိန်း (၅၀၀၀) အားလည်းကောင်း၊ စုစုပေါင်း ကျပ်သိန်း (၂၀၀၀၀) ထပ်မံရင်းနှီးထားပြီးဖြစ်ပါသည်။ GLAD ကုမ္ပဏီအနေဖြင့် MAEX ကုမ္ပဏီ၏ (၉.၂%) ရှယ်ယာကို ရင်းနှီးမြှုပ်နှံထားပါသည်။

Myanmar Agro Exchange Public Limited (MAEX)မှ အကောင်အထည်ဖော် တည်ဆောက်လျက် ရှိသော သစ်သီးဂဝလံနှင့် ဟင်းသီးဟင်းရွက် လက်ကားဈေးသစ်ကြီးတည် ဆောက်ရေးစီမံကိန်းတွင် အကြီးစား ပွဲရုံ/ ရုံးခန်း/လူနေ အဆောက်အဦးများ (Shop House)၊ သစ်သီးမျိုးစုံရောင်းချရေးဆိုင်ခန်းများ ဈေးရုံ၊ ပန်းမန်ရောင်းဝယ်ရေးရုံနှင့် အသားငါး၊ ပင်လယ်စာ ကုန်ခြောက်နှင့် စားဖိုဆောင်သုံး သီးနှံပစ္စည်း ရောင်းဝယ်ရေးရုံ၊ စိုက်ပျိုးသူ/ တောင်သူများ တိုက်ရိုက်ရောင်းချမှုဈေးရုံ၊ ရာသီထွက်ကုန်သီးနှံဈေးရုံ၊ အသင့်ပြုပြင်ထုတ် ပိုးပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဂဝလံများ ရောင်း/ဝယ်ရေးရုံ၊ တောင်သူ လက်လီရောင်းချ ရန် စသည့်ဈေးရုံကြီးများ၊ ကုန်တင်ယာဉ်များနှင့် တင်ဆောင်လာသော သီးနှံများ အခြား ကုန်တင်ယာဉ်များသို့ တိုက်ရိုက်ရောင်းချနိုင်မည့်နေရာ၊ ကုန်တင်ယာဉ်ရပ်နားစခန်း၊ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဂဝလံ တန်ဖိုးမြှင့် ထုတ်လုပ်/ အအေးခန်းစက်ရုံ၊ အအေးခန်းများ (Food & Vegetable Cold Storage)၊ အဆင့်မြင့်ဈေးရုံ (Hyper Market)၊ စားသောက်ဆိုင်များ (Food Court)၊ (၈) ထပ် ဟိုတယ်၊ စက်သုံး ဆီအရောင်းဆိုင် စသည်များကို အဆင့်အလိုက် (Phase by Phase) တည်ဆောက် ရောင်းချငှါးရမ်းသွားမည် ဖြစ်ပါသည်။ စီမံကိန်းတစ်ခုလုံး ၏ ခန့်မှန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ငွေကျပ် (၁၁၈.၉၉) ဘီလီယံခန့်ဖြစ်ပါသည်။

စီမံကိန်းပထမအဆင့်တွင် ၃ ထပ်/ ၄ ထပ် Shop House အဆောက်အဦး (၃၂) လုံး၊ သစ်သီးဂဝလံမျိုးစုံ ရောင်းချရေးဆိုင်ခန်းများ ဈေးရုံကြီး (၁) ရုံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမာန် ရောင်းဝယ်ရေးနှင့် အသားငါး၊ ပင်လယ်စာ ကုန်ခြောက်နှင့် စားဖိုဆောင်သုံးသီးနှံ ပစ္စည်း ယာယီရောင်းဝယ်ရေးရုံကြီး (၁) ရုံ၊ တောင်သူ/ လက်လီရောင်းချ ဈေးရုံကြီး (၁)ရုံ၊ အဝင် အထွက် (၄) လမ်းသွား လမ်းမကြီး၊ ယာဉ်များမှ တိုက်ရိုက်ရောင်းချနိုင်သည့် ယာဉ်ရပ် နားကွင်းများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဈေးသစ်ကြီးအား (၃၀.၁၂.၂၀၁၇) ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပါသည်။

၈-၃။ မြန်မာနေရှင်နယ်တယ်လီကွန်း ဟိုးလ်ဒင်းစ် ပတ်ဘလစ်လီမိတက် (Myanmar National Telecom Holdings Public Ltd - MNTH) တွင် ရင်းနှီးမြှုပ်နှံမှု

နိုင်ငံတော်၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှုအဖြစ် လုပ်ဆောင်ခွင့်ရရှိသည့် Telecom International Myanmar Co Ltd တွင် Myanmar National Telecom Holdings Public Ltd (MNTH) အနေဖြင့် စုစုပေါင်း (၂၃%)၊ Star High Public Co မှ (၂၈%) နှင့် ဗီယက်နမ် Vietel Group မှ (၄၉%) ပါဝင်ရန် သဘောတူညီခဲ့ကြပြီး GLAD အနေဖြင့် အခြားမြန်မာ ပုဂ္ဂလိကအများပိုင်ကုမ္ပဏီ (၁၀) ခုနှင့်အတူ ပူးပေါင်းရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ကြပါ သည်။

ကနဦးရင်းနှီးမြှုပ်နှံမှုအနေဖြင့် USD 100,000 အား (ပထမအကြိမ်) အဖြစ် (၁၂.၁၀.၂၀၁၅) ရက်နေ့ ဒါရိုက်တာအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅)မှ ဆုံးဖြတ်ချက်

အရလည်းကောင်း၊ ကနဦးသုံးစွဲမည့် ရန်ပုံငွေ ကျပ်သိန်း (၁၀၀) အား (၂၃.၁၀.၂၀၁၅) ရက်နေ့ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် နှင့် ဒုတိယအကြိမ် ရံပုံငွေ ကျပ်သိန်း (၁၀၀) အား (၂၇.၉.၂၀၁၆)ရက်နေ့ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ထပ်မံထည့်ဝင်ခဲ့ပါသည်။

ပထမနှစ်ထည့်ဝင်ရမည့် ကုမ္ပဏီတစ်ခုချင်းစီ၏ Equity USD 1 Million ၏ ပထမအရစ် USD 0.43 Million အား တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၃၄၀ ကျပ်နှင့် ညီမျှသော ကျပ်သိန်း (၅၇၆၂) အား (၂၈.၁၂.၂၀၁၆) ရက်နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆)၏ ဆုံးဖြတ်ချက်အရ (၃.၁.၂၀၁၇) ရက်နေ့တွင် လည်းကောင်း၊

ဒုတိယအရစ်ထည့်ဝင်ရမည့် Equity အချိုး (USD 250571.58) အား တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် (၁၃၆၂) ကျပ်နှင့် ညီမျှသော ကျပ်သိန်း (၃၄၁၂.၇၈၄၉၁) သိန်းအား (၂၈.၁၂.၂၀၁၆)ရက်နေ့ ဒါရိုက်တာအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆)၏ ဆုံးဖြတ်ချက်ဖြင့် (၁၈.၉.၂၀၁၇) ရက်နေ့တွင် လည်းကောင်း၊

တတိယအရစ်ထည့်ဝင်ရမည့် Equity အချိုး (USD 250571.58) အား တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် (၁၃၆၀) ကျပ်နှင့် ညီမျှသော ကျပ်သိန်း (၃၄၀၇.၇၇၃၄၉) သိန်းအား (၁၄.၈.၂၀၁၇) ရက်နေ့တွင် ဒါရိုက်တာအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇)ဖြင့် (၂၂.၃.၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊

စတုတ္ထအရစ်ထည့်ဝင်ရမည့် Equity အချိုး (USD 90206) အား တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် (၁၄၂၄) ကျပ်နှင့် ညီမျှသော ကျပ်သိန်း (၁၂၈၄.၅၃၃၄၄) သိန်းအား (၂၄.၉.၂၀၁၈) ရက်နေ့တွင် ဒါရိုက်တာအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၈) ဖြင့် (၂.၁၀.၂၀၁၈) ရက်နေ့တွင်လည်းကောင်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

လက်ရှိ စုစုပေါင်း ရင်းနှီး မြှုပ်နှံမှုမှာ ၁၅၃၅,၃၀၉,၃၄၄ ဖြစ်ပါသည်။

၉။ ကုမ္ပဏီလုပ်ငန်းများ စီမံခန့်ခွဲမှုအခြေအနေ

GLAD ၏ လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်မှု သဘာဝအရ ရင်းနှီးမြှုပ်နှံမှုများဖြစ်သည့် အားလျော်စွာ လိုအပ်သော ဝန်ထမ်းများကို ကျစ်လစ်စွာဖွဲ့စည်းထားရှိပြီး၊ ယနေ့အထိ လစာအကျိုးခံစားခွင့်များ ရယူခြင်းမရှိဘဲ ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ(၁)ဦးအဖြစ် ဦးထွန်းအောင်နှင့် အမှုဆောင်ဒါရိုက်တာ တာဝန်များကို ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော ဦးမင်းစိန်၊ ဦးကျော်တင်မြင့်တို့မှ တာဝန်ယူ ဆောင်ရွက်ခဲ့ကြပါသည်။ ကျန်ဒါရိုက်တာအဖွဲ့ဝင်များမှလည်း လိုအပ်လျှင် လိုအပ်သလို ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပါသည်။ ဝန်ထမ်းများအနေဖြင့် စီမံရေးရာဌာန ဝန်ထမ်း (၂) ဦး၊ စာရင်းကိုင်ချုပ်(၁)ဦး၊ ငွေစာရင်းဌာန ဝန်ထမ်း (၁) ဦး၊ စာရင်းစစ် ဝန်ထမ်း (၁) ဦး၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာန ဝန်ထမ်း (၁)ဦး ထားရှိပါသည်။

၁၀။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း

ကုမ္ပဏီစတင် တည်ထောင်သည့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှစ၍ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၂) ကြိမ်မြောက်ထိနှစ်စဉ်မပြတ်အောင်မြင်စွာကျင်းပခဲ့ပြီး အမြတ်ဝေစုများလည်း နှစ်စဉ်မပြတ် ပေးအပ်နိုင်ခဲ့ပါသည်။

၁၁။ ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်ခန့်ထားခြင်း

ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်အဖြစ် Win Thin & Associates ကိုလည်း ကုမ္ပဏီစတင် တည်ထောင်စဉ်မှစ၍ အစုရှင်များ၏ သဘောတူညီချက်နှင့်အညီ နှစ်စဉ်ခန့်ထားခဲ့ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ပြင်ပစာရင်းစစ်အဖြစ် ဦးဝင်းသင်နှင့်အဖွဲ့အား ခန့်အပ်ကြောင်း (၂၂.၁၂.၂၀၁၇) ရက်နေ့ ပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းအဝေး (၉/၂၀၁၇)မှ ဆုံးဖြတ်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နှစ်ပတ်လည်အစည်းအဝေးတွင် ပြန်လည်ခန့်ထားရန် သဘောတူခဲ့ပါသဖြင့် ဆက်လက်ခန့်ထားခဲ့ပါသည်။

၁၂။ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

ကုမ္ပဏီ၏ ရင်းနှီးငွေမှာ "က" အစုရှယ်ယာ (၆၅၇၅၀)စု၊ "ခ" အစုရှယ်ယာ (၃၃၄၀၈၈)စုဖြစ်၍ ရင်းနှီးငွေတန်ဖိုးမှာကျပ် ၃,၉၉၈,၃၈၀,၀၀၀ ဖြစ်ပါသည်။ (၂၈.၂.၂၀၁၈) နေ့မှစ၍ Right Share များ ထပ်မံ ရောင်းချခဲ့ရာ (၃၁.၃.၂၀၁၈) နေ့အထိ ကြိုတင်ရင်းနှီးငွေမှာ ကျပ် ၅၇၇,၁၀၀,၀၀၀ ဖြစ်သည့်အတွက် စုစုပေါင်း ရင်းနှီး ငွေမှာကျပ် ၄,၅၇၅,၄၈၀,၀၀၀ ဖြစ်ပါသည်။ ယခင်နှစ် အမြတ်လက်ကျန် ကျပ် ၉၅၆,၉၀၆,၄၃၄.၃၀ ဖြစ်ပြီး၊ ယခုနှစ်အသားတင်အမြတ် ကျပ် ၇၈၇,၉၃၄,၄၀၉.၇၀ ဖြစ်ရာ (၃၁.၃.၂၀၁၈) နေ့ရှိ စုဆောင်းပြီး အမြတ် လက်ကျန်ငွေမှာ ၁,၁၈၅,၀၆၇,၆၄၄ ဖြစ်ပါသည်။ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းကို စာရင်းစစ်အဖွဲ့၏ဘဏ္ဍာရေး ရှင်းတမ်း အစီရင်ခံစာတွင် အသေးစိတ်တင်ပြထားပါသည်။

၁၃။ အမြတ်ဝေစုခွဲဝေပေးခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၈)၏ ဆုံးဖြတ်ချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုအား မူရင်းအစုရှယ်ယာ တစ်စုလျှင် ကျပ် (အစုရှယ်ယာ မူရင်းတန်ဖိုး၏ ၁၂%) ဖြင့် ထုတ်ပေးရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီး ယနေ့ (၁၅.၁၂.၂၀၁၈) ရက်နေ့ကျင်းပမည့် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးမှ အတည်ပြုချက်ရယူကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အစုတစ်စုလျှင် (၁၂၀၀) ကျပ်နှုန်းဖြင့် အမြတ်ဝေစု (Dividend)ကို အစုရှယ်ယာရှင်များအား ထုတ်ပေးမည်ဖြစ်ပါသည်။ နှစ်အလိုက် အမြတ်ခွဲဝေပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘဏ္ဍာနှစ်	အမြတ်ခွဲဝေမှုရာခိုင်နှုန်း	ခွဲဝေသည့်အမြတ်ငွေကျပ်သိန်း
၂၀၀၇-၂၀၀၈ ခုနှစ်	၂၅%	၂၃၂၅.၀၀
၂၀၀၈-၂၀၀၉ ခုနှစ်	၂၅%	၁၉၂၇.၂၇
၂၀၀၉-၂၀၁၀ ခုနှစ်	၂၅%	၂၀၅၇.၃၉
၂၀၁၀-၂၀၁၁ ခုနှစ်	၂၅%	၂၄၈၀.၈၃
၂၀၁၁-၂၀၁၂ ခုနှစ်	၁၄%	၁၇၉၆.၀၀
၂၀၁၂-၂၀၁၃ ခုနှစ်	၂၅%	၆၂၅၀.၀၀
၂၀၁၃-၂၀၁၄ ခုနှစ်	၃၀% (၂၀%+ Bonus Share ၁၀%)	၉၉၉၇.၇၈
		(၇၄၉၇.၇၈+၂၅၀၀.၀၀)
၂၀၁၄-၂၀၁၅ ခုနှစ်	၁၅%	၅၉၉၇.၅၇
၂၀၁၅-၂၀၁၆ ခုနှစ်	၂၂%	၈၇၉၆.၄၃
၂၀၁၆-၂၀၁၇ ခုနှစ်	၁၄%	၅၅၉၇.၇၃၂

၁၄။ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

၁၄-၁။ တာဂါတိုင်တည်ဆောက်ခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တာဂါတိုင် (၂၅)တိုင် လုပ်ကိုင်ခဲ့ပါသည်။ တာဂါတိုင် တည် ဆောက် ခြင်းလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အသုံးစရိတ်မှာ (၃၂၄၅) သိန်းခန့် ကုန်ကျခဲ့ပါသည်။ နှစ်အတွင်း ပြန်လည်ရရှိငွေမှာ (၁၃၅၀) သိန်းခန့် ဖြစ်ပြီး၊ ရရန် ငွေ စုစုပေါင်းမှာ (၄၆၈၅) သိန်းခန့်ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တတိယတိုင် (၇)တိုင်ကို ထပ်မံလုပ်ကိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်းတွင် အသုံးစရိတ် (၃၀၇၅) သိန်းခန့် ထပ်မံကုန်ကျခဲ့ ပါသည်။ ထပ်မံရရှိငွေမှာ(၉၂၈) သိန်းခန့်ဖြစ်ပြီး၊ ရရန်ရှိငွေ စုစုပေါင်းမှာ (၉၅၀၄) သိန်းခန့် ဖြစ်ပါသည်။ အသုံးစရိတ်ငွေ စုစု ပေါင်းမှာ (၆၃၂၀)သိန်း၊ ၅% Tax မှာ (၃၉၈)သိန်း ဖြစ်သည့်အတွက် ခန့်မှန်းအမြတ် ငွေမှာ (၂၇၈၆) သိန်းခန့် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်နေဆဲဖြစ်၍ အသုံးစရိတ်ထပ်မံကုန်ကျမည့်ငွေများရှိ နိုင်ပါသည်။

လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွား မည့်အပြင် ရေရှည်အကျိုး ဖြစ်ထွန်းစေမည့် စက်မှုကုန်ထုတ်လုပ်မှုနှင့် စက်မှု/အိမ်ရာ အခြေခံ အဆောက်အဦးများ တည်ဆောက်ရေးလုပ်ငန်းများအပြင်၊ ရေတိုအကျိုးအမြတ်ရရှိနိုင်မည့် သွင်းကုန်၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ကုမ္ပဏီ၏ ပုံမှန်ဝင်ငွေရရှိရေး အတွက် တိုးချဲ့ဆောင်ရွက်ရန်ကြိုး ပမ်းလျက်ရှိပါသည်။

ကုမ္ပဏီသည် ရရှိထားပြီးသော စီးပွားရေးအခွင့်အလမ်းကောင်းများကို တိတိကျကျ၊ မြန်မြန်ဆန်ဆန်၊ အချိန်နှင့်တပြေးညီ အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ရန်

အတွက် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား စီမံကိန်း၊ စီမံရေးရာ တာဝန်စသည်တို့ကို သီးခြားသတ်မှတ် တာဝန်ပေးအပ်ပြီး အစုရှယ်ယာရှင်များထံမှ အခါအားလျော်စွာရရှိသည့် အကြံပြုချက်များကို အလေးအနက်ထား၍ ကုမ္ပဏီအတွက် အကျိုးအမြတ်ရရှိမည့် အစီအမံများ ချမှတ်လုပ်ကိုင်သွားရန်၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု စေရုံသာမက အစုရှင်များ၏ အကျိုးအမြတ် ထိုက်သင့်စွာ ရရှိပြီး၊ အစုရှယ်ယာတန်ဖိုးများလည်းတိုးတက်လာစေရန်အတွက် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် Corporate Governance ကျင့်စဉ်များနှင့်အညီ လုပ်ငန်းလိုအပ်ချက်ပေါ် မူတည်၍ Professional Executive များကို ခန့်အပ်ထားပြီး ကုမ္ပဏီလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၅။ နိဂုံး

နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒနှင့်အညီ ဒါရိုက်တာအဖွဲ့မှ လုပ်ငန်းအစီအမံများချမှတ် ညှိနှိုင်းပေါင်းစပ် ကြိုးပမ်းလုပ်ကိုင်ကာ အစုရှင်များ၏ အစုရှယ်ယာများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လက်ရှိအစုရှင်များနှင့် ရင်းနှီးမြှုပ်နှံလိုသော အများပြည်သူများ ထိရောက်လွယ်ကူစွာ ရောင်းဝယ်နိုင်စေနိုင်သည့်အပြင် မြန်မာနိုင်ငံတွင် တည်ထောင်ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီများအတွက် ဂုဏ်သိက္ခာနှင့် တန်ဘိုး အရှိဆုံးဖြစ်သော ရန်ကုန်စတော့အိတ်(စ်)ချိန်း (YSX)တွင် စာရင်းဝင်ခွင့် (Listed) ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်

ရက်စွဲ ။ ၂၀၁၈ ခုနှစ်ဒီဇင်ဘာလ(၁၆)ရက်။

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
၏
ဒါရိုက်တာအဖွဲ့ဝင်များ

ဦးဝင်းအောင်သည် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် အထွေထွေ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုး တိုးတက်ရေးလီမိတက်၏ မူလဦးဆောင် တည်ထောင်ခဲ့သည့် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ ၂၀၁၁ ခုနှစ် ဧပြီလမှ ယနေ့တိုင် ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးဝင်းအောင်သည် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်လီမိတက်(Myanmar Thilawa SEZ Holdings Public Ltd) ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဦးဆောင်နေသူတစ်ဦးဖြစ်ပြီး၊ သီလဝါအထူးစီးပွားရေးဇုန် ဖြစ်ပေါ်အကောင်အထည်ဖော်နိုင်ရန် နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအကြား ဦးဆောင် အားစိုက်ကြိုးပမ်းညှိနှိုင်း၍ ကြီးစားဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ပြီး၊ ဂျပန်နိုင်ငံ လုပ်ငန်းရှင်များနှင့် တွဲဖက်၍ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုရရှိရန်နှင့် အများပြည်သူများမှ အစုရှယ်ယာ ထည့်ဝင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်ညှိနှိုင်းခဲ့သူတစ်ဦး ဖြစ်ပါသည်။

ဦးဝင်းအောင်သည် နိုင်ငံတော်အတွက် အကျိုးရှိစေရန်နှင့် နိုင်ငံတဝှမ်းလုံးရှိ စိုက်ပျိုးသူ တောင်သူများ၊ တိုက်ရိုက်ရောင်းချသူများ၊ ဝယ်ယူစားသုံးသူများ၊ လက်လီလက်ကား ရောင်းချသူများ၊ ပြည်ပတင်ပို့သူများအား တိုက်ရိုက်ဆက်နွယ်ပေါင်းကူးပေးမည့် တည်ငြင်းကုန်း ခေတ်မီ သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်နှင့် ပန်းမာန် လက်ကားဈေးသစ်ကြီး တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာ အက်ဂရိ အိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက် "Myanmar Agro Exchange Public Limited (MAEX)" ဥက္ကဋ္ဌအဖြစ် ဦးဆောင်တည်ထောင် အကောင်အထည်ဖော်လျက်ရှိသူဖြစ်ပါသည်။

စတုတ္ထမြောက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်မည့် Myanmar National Telecom Holdings Public Limited (MNTH) ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။

ဦးဝင်းအောင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာ့ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဖွဲ့စည်းထားသော မဟာရန်ကုန်မြို့တော်နှင့် ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြင့်တင်ရေးကို ရည်ရွယ်၍ တည်ထောင်ထားသည့် Yangon Metropolitan Development Public Company Limited (YMD)၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။

ဦးဝင်းအောင်သည် Dagon Group of Companies အား ၁၉၉၀ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ပြီး ကုမ္ပဏီ၏ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ Dagon Group of Companies သည် အိမ်ခြံမြေ ဖွံ့ဖြိုးရေးစီမံကိန်းများကို ၁၉၉၃ ခုနှစ်ကတည်းက အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ Dagon Group of Companies သည် အိမ်ခြံမြေ လုပ်ငန်း၊ ဟိုတယ် လုပ်ငန်း၊ ဈေးဝယ်စင်တာများ၊ ဘက်စုံ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တန်ဖိုးမြင့် စားသောက်ကုန်လုပ်ငန်း၊ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်း၊ မော်တော်ယာဉ်နှင့် ရေနံထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် အပါအဝင် စီးပွားရေးလုပ်ငန်း ကဏ္ဍမျိုးစုံ ဦးဆောင်လုပ်ကိုင်လျက်ရှိပါသည်။

ဦးဇော်မင်းဝင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော အများနှင့်သက်ဆိုင်သော ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (Golden Land East Asia Development Limited) ကို ကမကထပြု တည်ထောင်ခဲ့သူများအနက် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပါသည်။ Myanmar Industries Alliances Public Limited တွင် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ United Motor Company Limited ၏ ဒါရိုက်တာအဖြစ် လည်းကောင်း၊ ဂျပန်နိုင်ငံ Aeon Co.,Ltd ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် လည်းကောင်း၊ စက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

ဦးဇော်မင်းဝင်းသည် နိုင်ငံတော်အဆင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်လုပ်ကိုင်လျှက်ရှိသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ စီးပွားရေးဆိုင်ရာဦးဆောင်အသင်းဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တွင် ဥက္ကဋ္ဌအဖြစ် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။ ပြည်ပစီးပွားရေးဆိုင်ရာ အဖွဲ့ဖြစ်သော ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ယခုအခါ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ကိုယ်စားပြုအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက် လျှက် ရှိပါသည်။ ရန်ကုန်တက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ရရှိပြီးသူတစ်ဦးဖြစ်ပါသည်။

ဦးထွန်းအောင်သည် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ အဖွဲ့ဝင်ဖြစ်ပါသည်။ ဦးထွန်းအောင်သည် မြန်မာညွှန့် ကုမ္ပဏီလီမိတက်ကို ၁၉၈၉ ခုနှစ်၊ မေလတွင် ဦးဆောင် တည်ထောင်ခဲ့သူများအနက် တစ်ဦးဖြစ်ပြီး ယင်းကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ မြန်မာညွှန့်ကုမ္ပလီမိတက်သည် ပဲမျိုးစုံ တန်ဖိုးမြင့်ထုတ်ကုန် တင်ပို့ခြင်း လုပ်ငန်းနှင့် ရာဘာစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဦးထွန်းအောင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၏ဗဟိုအလုပ်အမှုဆောင်အဖြစ် ၁၉၉၉ ခုနှစ်၊ ဧပြီလမှ ယနေ့တိုင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဦးခိုင်ငွေးသည် ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်တွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ Trade Garden ကုမ္ပဏီလီမိတက်တွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိပြီး လက်ရှိပဲမျိုးစုံနှင့် စားအုန်းဆီလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

ဦးခိုင်ငွေးသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ M.B.A ဘွဲ့ရရှိခဲ့ပါသည်။

ဦးအောင်ဇော်ဦးသည် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) တွင် တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ယနေ့ထက်ထိတိုင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဦးအောင်ဇော်ဦးသည် Aung Naing Thitsar Co.,Ltd ကို ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်၍လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်ပြီး ယနေ့ Aung Naing Thitsar Group of Companies ကြီး၏ ဥက္ကဋ္ဌအဖြစ် လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပါသည်။

Aung Naing Thitsar Group of Companies သည် ဆန်စပါးအထူးပြုလုပ်ငန်းကို The Whole Supplu Chain လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စပါးစိုက်တောင်သူများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်း၊ ဆန်စပါး စိုက်ပျိုး ထုတ်လုပ်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချခြင်း၊ တောင်သူများအတွက် Micro Financing ပံ့ပိုးပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ယန္တရားများ၊ ထွန်စက်၊ ရိတ်သိမ်းခြွေလှည့်စက် တင်သွင်း ရောင်းချခြင်းနှင့် အငှားလိုက် ဝန်ဆောင်မှုပေးခြင်း စသောအမျိုးမျိုး ဝန်ဆောင်မှုများဖြင့် လည်ပတ်လျက်ရှိပါသည်။

နိုင်ငံတကာဘက်စုံထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း Multimodal Transport Logistics & Shipping သည် Ro Ro Service, Container Service၊ Freight Forwarding နှင့် Ro Ro ကားသင်္ဘောများတွင် ကားတင်/ချခြင်း လုပ်ငန်းများကို ကျွမ်းကျင်သော ကိုယ်ပိုင် Stevedoring Team များဖြင့် ဝန်ဆောင်မှုပေးသည့်အပြင် Local Inland Transportation လုပ်ငန်းများ စသည်တို့ကို Port to Door, Door to Door Service များပါဝန်ဆောင်မှုပေးနေသောကုမ္ပဏီတစ်ခုဖြစ်ပါသည်။

မော်တော်ယာဉ် တင်သွင်း/ ရောင်းဝယ်ခြင်း လုပ်ငန်းသည် အိမ်စီးကားနှင့်လုပ်ငန်းသုံး မော်တော်ယာဉ်များ အားလုံးကို ဈေးကွက်လိုအပ်ချက်နှင့်အညီ Used Cars နှင့် Brand New Cars များကို တင်သွင်း/ ရောင်းချခြင်း နှင့် လယ်ယာသုံးစက်ပစ္စည်းများဖြစ်သော ရိတ်သိမ်းချွေလှေ့စက်နှင့် ထွန်စက်ကိုလည်း Japan နိုင်ငံမှ တင်သွင်းလျက်ရှိပါသည်။ ၎င်းအပြင် မော်ယာဉ်နှင့်ပတ်သက်ဆက်စပ်သော အပိုပစ္စည်းများကိုလည်း နိုင်ငံ တကာမှာတင်သွင်းရောင်းချခြင်းနှင့် ကျွမ်းကျင်သော Technician များဖြင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်း ခြင်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ဦးကျော်တင်မြင့်သည် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ Kaung Pyae San Co.,Ltd တွင် ဥက္ကဋ္ဌ ဖြစ်ပါသည်။ Hope Flower Trading ၏ အုပ်ချုပ်မှုဒါရိုက်တာ တစ်ဦးလည်း ဖြစ်ပါသည်။ Myanmar Automobile Development Public Co.Ltd (MADP)တွင် Executive Director တစ်ဦးလည်း ဖြစ်ပါသည်။ ဦးကျော်တင်မြင့်သည် Myanmar Thilawa SEZ Holdings Public Limited ၏ Alternate Director အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များ အသင်းတွင် ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်အသင်းတွင်လည်း အလုပ်အမှုဆောင်အဖြစ်

လည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတွင် အလုပ်အမှုဆောင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင် လျက်ရှိပါသည်။ ဦးကျော်တင်မြင့်သည် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် M.A, M.Res, LL.B, B.Sc, D.B.L, D.M.L, D.I.L, D.D.S, D.L.I.S, D.A.Psy, H.G.P ဘွဲ့တို့ကိုရရှိခဲ့ပါသည်။

ဦးမင်းစိန်သည် ရွှေနိုင်ငံ အရှေ့ အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်တွင် ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ ပထမပုဂ္ဂလိက ဘဏ်လီမိတက်တွင် ဒါရိုက်တာအဖြစ်(၃)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးမင်းစိန်သည် တည်းကုန်းဈေးသစ်ကြီး၏ မြန်မာအက်ဂရီအိတ်ချိန်းပတ်ဘလစ်လီမိတက် (MAEX)တွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ဦးမင်းစိန်သည် ဟသ်ာတမြို့တွင် မီနီမားကက်ဆိုင်လုပ်ငန်း၊ ရာသီထွက်သီးနှံများ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောင်းကုန်းမြို့တွင် အဖျော်ယမကာစက်ရုံ၊ ချောင်းသာတွင် အသေးစား ချေးငွေလုပ်ငန်း၊ မိုဘိုင်းဖုန်း အရောင်းဆိုင်၊ တည်းခိုခန်း လုပ်ငန်းနှင့် ရန်ကုန်မြို့တွင် City View Services Co. အနေဖြင့် အိမ်ခြံမြေလုပ်ငန်းနှင့် အခြားအကျိုးဆောင်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်၊ ဦးမင်းစိန်သည် လုပ်သားများ ကောလိပ်(ရန်ကုန်တက္ကသိုလ်) မှ B.A (Philosophy) ဘွဲ့ကို ၁၉၇၇ခုနှစ်တွင် ရရှိခဲ့ပါသည်။

ဒေါ်ရန်လင်းသည် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်ပါသည်။ ဒေါ်ရန်လင်းသည် ကမ္ဘာအေးဘုရားလမ်း၌ ဆန်းသစ်လွင် ဖက်ရှင်နှင့် အပ်ချုပ်လုပ်ငန်းအား ၂၀၁၉ ခုနှစ်မှစ၍ ကိုးရီးယား ဆွဲသားစများကို စတင်တင်သွင်း ဖြန့်ဖြူးရောင်းချရင်း အပ်ချုပ်လုပ်ငန်းများ တွဲလျက် လုပ်ကိုင်ခဲ့ပါသည်။ ကမာရွက် ဆင်မလိုက်ဈေးအနီးတွင် ဆန်းသစ်ဖက်ရှင်နှင့် အပ်ချုပ်လုပ်ငန်း၊ ရန်ကုန် အင်းစိန်လမ်းမကြီး ဘူတာရုံမှတ်တိုင်အနီးတွင် မေလင်းချည်ထည်၊ ပိုးထည်ဆိုင်နှင့် အပ်ချုပ်လုပ်ငန်းတို့ကို ဖွင့်လှစ်ထားပါသည်။ ဒေါ်ရန်လင်းသည် မန္တလေးတက္ကသိုလ် မှ ၁၉၉၅ ခုနှစ်တွင် (B.A History) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဦးကျော်ဒေဝသည် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ၁၉၇၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းကို ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ ရရှိသော ဘွဲ့များမှာ MA (Southeast Asia and the Pacific Studies), Postgraduate Diploma in Economics Studies, Diploma in English, Bachelor of Business Administration တို့ ဖြစ်ပါသည်။ UKD World-Class Int'l Co.,Ltd. ကို ၂၀၁၈ ခုနှစ်

တွင် Trading လုပ်ငန်းဖြင့် စတင်တည်ထောင်ခဲ့ပြီး၊ ယခုနောက်ပိုင်းတွင် Construction လုပ်ငန်းကိုပါ ဆက်လက်တိုးချဲ့ လုပ်ကိုင်လျက်ရှိပါသည်။ ယင်းကုမ္ပဏီတွင် Managing Director ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI)တွင် တွဲဖက်အထွေထွေ အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်လျက်ရှိပြီး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အတွင်းရေးမှူး အဖြစ် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးကော်မတီတွင် ကော်မတီအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော် ဒုတိယသမ္မတ(၁) ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီတွင် ကော်မတီဝင် တစ်ဦးလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်းတွင်လည်း အသင်းဝင် တစ်ဦး ဖြစ်ပါသည်။ လူမှုရေး ဆောင်ရွက်ချက်အနေဖြင့် မိသားစု၏ မမြတ်လေး ပညာရေး ငွေပဒေသာပင် စိုက်ထူခြင်း၊ အဆင့်မြင့် ပညာနှင့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား ဆုများရွေးချယ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်နိုင်ငံတွင် IATSS Forum (Young Leadership Training Program) ၂လ Scholarshipကို ၂၀၁၀ ခုနှစ်တွင် ရွေးချယ်ခံခဲ့ရသဖြင့် တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိပြီးနောက် Alumni Association of IATSS Forum Myanmar ၏ ဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။

ဦးအေးဝင်းသည် ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ကိုယ်စားပြု ဒါရိုက်တာအဖွဲ့ဝင် တစ်ဦး ဖြစ်ပါသည်။ ဦးအေးဝင်းသည် MEICO တွင် ၂၀၁၂ ခုနှစ်မှ စတင်၍ အုပ်ချုပ်မှု ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ MEICO သည် စားသုံးဆီနှင့် ဆီထွက်ပစ္စည်း အမျိုးမျိုးအား ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ တင်သွင်းခြင်း နှင့် တင်ပို့ခြင်းတို့အား ဆောင်ရွက်သော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ထို့ပြင် Thuriya Win Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာလည်း ဖြစ်ပါသည်။ Thuriya Win Co., Ltd. သည် စားသောက်ကုန် ထုတ်လုပ်ခြင်း လုပ်ငန်း၊ ဖြန့်ချီခြင်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ ဆောင်ရွက်ပါသည်။ စက်မှုလက်မှု ဖွံ့ဖြိုးရေးကဏ္ဍ၊ သတင်းအချက် အလက်နှင့် တယ်လီကွန်း ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် စွမ်းအင်ကဏ္ဍ နယ်ပယ်တို့တွင် လုပ်ငန်းများ လုပ်ကိုင်မည့် Myanmar Industries Alliances Public Limited အား တည်ထောင်သူများအနက်မှ တစ်ဦးဖြစ်ပြီး၊ ယင်းကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးလည်းဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တွင်လည်း တွဲဖက်အထွေထွေ အတွင်းရေးမှူးအဖြစ် တက်ကြွစွာ တာဝန် ယူ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း၏ ဥက္ကဋ္ဌ လည်း ဖြစ်ပါသည်။ ဦးအေးဝင်းသည် ၁၉၉၂ ခုနှစ်တွင် Bachelor of Commerce ဘွဲ့ဖြင့် ရန်ကုန် စီးပွားရေး တက္ကသိုလ်မှ အောင်မြင်ခဲ့ပါသည်။

GLAD အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ထားသည့် MTSH ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေ

GLAD အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ထားသည့် MAEX ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေ



GLAD မှ တာဝန်ယူ တည်ဆောက်နေသည့် တာဝါတိုင်များ မှတ်တမ်းဓါတ်ပုံ



ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်

ရှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်

မာတိကာ	**စာမျက်နှာ**
စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက်	၁
ပြင်ပစာရင်းစစ်အစီရင်ခံစာ	၂–၃
ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း	၄
ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း	၅
အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း	၆
ငွေသားစီးဆင်းမှုရှင်းတမ်း	၇
ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ	၈–၁၈

Golden Land East Asia Development Limited

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်အတွက်
စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက်

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏တာဝန်သာဖြစ်ပါသည်။ ယင်းတာဝန်တွင်–

- ဆီလျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်၍တစ်သမတ်တည်းကျင့်သုံးခြင်းနှင့်

- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကိုပြုလုပ်ခြင်းတို့ပါဝင်ပါသည်။

ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများအနေဖြင့် သင့်လျော်သောစာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ရပိုင်ခွင့်များကိုလုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် ပုံမှန်မဟုတ်သော မှားယွင်းမှုများကိုကာကွယ် ဖော်ထုတ်နိုင်ရန်ငှင်းအတွက် သင့်လျော်သလိုဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

ဦးထွန်းအောင်
အုပ်ချုပ်မှုဒါရိုက်တာ၊
ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်

နေ့စွဲ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်၊

No.29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon, Myanmar.
Tel: (95-1) 217091-5, Fax: (95-1) 217093,
E-mail: goldenland@glad.com.mm, goldenland.glad@gmail.com

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
WIN THIN & ASSOCIATES
CERTIFIED PUBLIC ACCOUNTANTS
HEAD OFFICE:- Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel : 95-1-201798, 296164, Fax: 9 5-1-245671 Email : winthin9@myanmar.com.mm
MANDALAY BRANCH:- OFFICE Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region , Myanmar. Tel : 95-2-34451, Fax: 95-2-34498

စာအမှတ်-၁၂၅၃/ ဂျီ-၅/ ၂၀၁၇-၂၀၁၈။

ပြင်ပစာရင်းစစ်အစီရင်ခံစာ

အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများအပေါ်အစီရင်ခံခြင်း

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် " **ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်** "၏ ၂၀၁၈ ခုနှစ်၊ မတ်လ(၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်

၎င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ(Myanmar Financial Reporting Standards)နှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန် နှင့်စပ်လျဉ်းသော လုပ်ငန်းတွင်းထိန်းချုပ်မှုအစီအစဉ်ကိုရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သော စာရင်းဆိုင်ရာ ခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်းပါဝင်သည်။

စာရင်းစစ်၏တာဝန်

ကျွန်တော်များအဖွဲ့၏တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကိုအခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသော အချက်များအား မှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များ ရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန်လိုအပ်ပါသည်။

စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေ/တန်ဖိုးများအတွက် စာရင်းစစ်အထောက်အထားများ ရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသောလုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းချက်၏ အန္တရာယ်များ ကို အကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းအပေါ်တွင် မူတည်ပါသည်။ ထိုအန္တရာယ်များအား အကဲဖြတ်မှုများပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်၊ အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲမှုနှင့် သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်အလို့ငှာ သက်ဆိုင်သော ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းအဖွဲ့၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှုအပေါ်တွင်ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။

စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းကိုင်မူများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက် အားလုံးအပေါ်ခြုံငုံသုံးသပ်ခြင်းတို့လည်းပါဝင်ပါသည်။

ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက် အတွက် အခြေခံမှုပေးရန် လုံလောက်သင့်လျော်သည် ဟုယုံကြည်ပါသည်။

ထင်မြင်ယူဆချက်

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့် အရေးပါသောအချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း၊ ကျွန်တော်များ ထင်မြင်ယူဆပါသည်။

အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ်အစီရင်ခံခြင်း

(၁) ကျွန်တော်များအဖွဲ့မှမြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၅၈ နှင့်အညီ စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ဒေါ်နုဝါ (ပီအေ-၅၉၉)
Engagement Partner
ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
အခန်းအမှတ် (၂ခ/၂၈)၊ ပထမထပ်၊
နှင်းဆီကွန်ဒိုအိမ်ယာ၊ အမှတ် ၁၈၂/၁၈၄၊ ဗိုလ်တစ်ထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

နေ့စွဲ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်၊

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်

၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး – မြန်မာကျပ်ငွေ

		၂၀၁၈	၂၀၁၇
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ			
ပုံသေပိုင်ပစ္စည်း (မှတ်စု ၄)		၁,၅၆၉,၈၉၈·၆၇	၂,၅၅၅,၇၅၅·၀၀
ရင်းနှီးမြှုပ်နှံမှု (မှတ်စု ၅)		၈,၂၇၄,၉၈၈,၆၀၀·၀၀	၁၀,၇၁၃,၄၃၃,၇၀၀·၀၀
		၈,၂၇၆,၅၅၈,၄၉၈·၆၇	၁၀,၇၁၅,၉၈၉,၄၅၅·၀၀
လက်ငင်းရပိုင်ခွင့်များ			
ကြိုတင်ပေး (မှတ်စု ၆)		၉၉၉,၇၉၇,၅၇၄·၀၉	၂၆၂,၃၉၁,၃၂၃·၀၀
ရရန်ရှိစာရင်း (မှတ်စု ၇)		၆၂၅,၀၂၉,၁၂၂·၇၉	၄၁၉,၉၄၁,၄၁၅·၃၅
ငွေနှင့်ဘဏ်လက်ကျန် (မှတ်စု ၈)		၂၅၅,၀၅၉,၀၈၉·၅၇	၅၄,၈၆၉,၀၁၇·၉၀
		၁,၈၇၉,၈၈၅,၇၈၆·၄၅	၇၃၇,၂၀၁,၇၅၆·၂၅
		၁၀,၁၅၆,၄၄၄,၂၈၅·၁၂	၁၁,၄၅၃,၁၉၁,၂၁၁·၂၅
ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ			
ခွင့်ပြုမတည်ရင်းနှီးငွေ – အစုရှယ်ယာတစ်စုလျှင်			
ကျပ် ၁၀,၀၀၀ တန် အစုရှယ်ယာ ၁,၀၀၀,၀၀၀ စု			
"က" အစုရှယ်ယာ ၅၀၀,၀၀၀ စု	၅,၀၀၀,၀၀၀,၀၀၀·၀၀		
"ခ" အစုရှယ်ယာ ၅၀၀,၀၀၀ စု	၅,၀၀၀,၀၀၀,၀၀၀·၀၀		
ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ		၃,၉၉၈,၃၈၀,၀၀၀·၀၀	၃,၉၉၈,၃၈၀,၀၀၀·၀၀
ကြိုတင်ရင်းနှီးငွေ		၅၇၇,၁၀၀,၀၀၀·၀၀	–
ရှယ်ယာပရီမီယံ		၃၈,၆၆၅,၀၀၀·၀၀	၃၈,၆၆၅,၀၀၀·၀၀
Fair value reserve (မှတ်စု ၉)		၃,၄၆၈,၄၄၄,၂၇၈·၀၀	၅,၇၂၇,၆၇၂,၁၇၇·၀၀
အမြတ်လက်ကျန်		၁,၁၈၅,၀၆၇,၆၄၄·၀၀	၉၅၆,၉၀၆,၄၃၄·၃၀
		၉,၂၆၇,၆၅၆,၉၂၂·၀၀	၁၀,၇၂၁,၆၂၃,၆၁၁·၃၀
လက်ငင်းပေးရန်တာဝန်များ			
ပေးရန်ရှိစာရင်း (မှတ်စု ၁၀)		၁၉၃,၀၉၆,၇၉၂·၆၄	၉၂,၁၈၇,၃၃၆·၆၀
အခွန်လျာထားငွေ (မှတ်စု ၁၁)		၆၉၅,၆၉၀,၅၇၀·၄၈	၆၃၉,၃၈၀,၂၆၃·၃၅
		၈၈၈,၇၈၇,၃၆၃·၁၂	၇၃၁,၅၆၇,၅၉၉·၉၅
		၁၀,၁၅၆,၄၄၄,၂၈၅·၁၂	၁၁,၄၅၃,၁၉၁,၂၁၁·၂၅

ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။

(ဒါရိုက်တာ)

(အုပ်ချုပ်မှုဒါရိုက်တာ)

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်

၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်

ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

ငွေကြေး – မြန်မာကျပ်ငွေ

	၂၀၁၈	၂၀၁၇
ဝင်ငွေ		
တာဝါတိုင်တည်ဆောက်ခြင်းမှရငွေ	၄၁၅,၂၅၁,၃၉၈.၀၀	–
(နှုတ်) ကုန်သွယ်လုပ်ငန်းခွန်	(၁၉,၇၇၃,၉၇၅.၃၂)	–
	၃၉၅,၄၇၇,၄၂၂.၆၈	–
(နှုတ်) တာဝါတိုင်တည်ဆောင်ခြင်းအတွက်ကုန်ကျစရိတ်	(၂၉၂,၅၅၀,၀၀၀.၀၀)	–
အကြမ်းအမြတ်	၁၀၂,၉၂၇,၄၂၂.၆၈	–
အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှရငွေ	၆,၉၄၁,၉၁၀.၀၀	၁၂၈,၄၀၀,၀၀၀.၀၀
အခြားရငွေ (မှတ်စု ၁၂)	၉,၉၈၀,၈၄၆.၉၀	၃၀,၆၁၇,၀၀၃.၂၂
	၁၁၉,၈၅၀,၁၇၉.၅၈	၁၅၉,၀၁၇,၀၀၃.၂၂
အသုံးစရိတ်များ		
စီမံခန့်ခွဲမှုစရိတ် (မှတ်စု ၁၃)	(၈၀,၃၄၆,၇၄၈.၆၅)	(၁၁၈,၉၇၈,၇၅၉.၀၀)
	(၈၀,၃၄၆,၇၄၈.၆၅)	(၁၁၈,၉၇၈,၇၅၉.၀၀)
အခွန်မလျှာထားမီအသားတင်အမြတ်/(အရှုံး)	၃၉,၅၀၃,၄၃၀.၉၃	၄၀,၀၃၈,၂၄၄.၂၂
ဝင်ငွေခွန်	(၉,၈၇၅,၈၅၇.၇၃)	(၁၀,၀၀၉,၅၆၁.၀၅)
အခွန်လျှာထားပြီးအသားတင်အမြတ်ငွေ	၂၉,၆၂၇,၅၇၃.၂၀	၃၀,၀၂၈,၆၈၃.၁၇
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ် လီမိတက်မှ အမြတ်ဝေစုရရှိခြင်း	၄၉၆,၂၀၆,၅၀၀.၀၀	၄၉၆,၀၁၅,၀၀၀.၀၀
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ် လီမိတက်၏ရှယ်ယာရောင်းခြင်းမှအမြတ်ရငွေ	၂၆၂,၀၉၀,၃၃၆.၅၀	၄၁၂,၃၇၇,၃၂၇.၀၀
နှစ်ဆုံးရှိအမြတ်	၇၈၇,၉၂၄,၄၀၉.၇၀	၉၃၈,၄၂၁,၀၁၀.၁၇

အခြားဝင်ငွေအလုံးစုံရှင်းတမ်း

ယခုနှစ်အမြတ်	၇၈၇,၉၂၄,၄၀၉.၇၀	၉၃၈,၄၂၁,၀၁၀.၁၇
Fair value reserve		
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်	၂,၉၆၈,၄၄၄,၂၇၈.၀၀	၅,၆၂၇,၆၇၂,၁၇၇.၀၀
မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက်	၅၀၀,၀၀၀,၀၀၀.၀၀	၁၀၀,၀၀၀,၀၀၀.၀၀
	၃,၄၆၈,၄၄၄,၂၇၈.၀၀	၅,၇၂၇,၆၇၂,၁၇၇.၀၀
စုစုပေါင်းဝင်ငွေအလုံးစုံ	၄,၂၅၆,၃၆၈,၆၈၇.၇၀	၆,၆၆၆,၀၉၃,၁၈၇.၁၇

ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။

(ဒါရိုက်တာ)

(အုပ်ချုပ်မှုဒါရိုက်တာ)

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်

၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်

အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

ငွေကြေး – မြန်မာကျပ်ငွေ

	၂၀၁၈	၂၀၁၇
ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ		
စာရင်းဖွင့်		
"က" အစုရှယ်ယာ ၆၅,၇၅၀ စု	**၆၅၇,၅၀၀,၀၀၀.၀၀**	၆၅၇,၅၀၀,၀၀၀.၀၀
"ခ" အစုရှယ်ယာ ၃၃၄,၀၈၈ စု	**၃,၃၄၀,၈၈၀,၀၀၀.၀၀**	၃,၃၄၀,၈၈၀,၀၀၀.၀၀
	၃,၉၉၈,၃၈၀,၀၀၀.၀၀	၃,၉၉၈,၃၈၀,၀၀၀.၀၀
ကြိုတင်ရင်းနှီးငွေ		
စာရင်းဖွင့်	–	–
နှစ်အတွင်းကြိုတင်ရင်းနှီးငွေ	**၅၇၇,၁၀၀,၀၀၀.၀၀**	–
	၅၇၇,၁၀၀,၀၀၀.၀၀	–
ရှယ်ယာပရီမီယံ		
စာရင်းဖွင့်	**၃၈,၆၆၅,၀၀၀.၀၀**	၃၈,၆၆၅,၀၀၀.၀၀
နှစ်အတွင်းရသောပရီမီယံ	–	–
	၃၈,၆၆၅,၀၀၀.၀၀	၃၈,၆၆၅,၀၀၀.၀၀
အမြတ်လက်ကျန်		
စာရင်းဖွင့်	**၉၅၆,၉၀၆,၄၃၄.၃၀**	၈၉၈,၁၂၉,၀၂၄.၁၃
ယခုနှစ်အသားတင်အမြတ်	**၇၈၇,၉၃၄,၄၀၉.၇၀**	၉၃၈,၄၂၁,၀၁၀.၁၇
အမြတ်ဝေစုထုတ်ပေးခြင်း	**(၅၅၉,၇၇၃,၂၀၀.၀၀)**	(၈၇၉,၆၄၃,၆၀၀.၀၀)
	၁,၁၈၅,၀၆၇,၆၄၄.၀၀	၉၅၆,၉၀၆,၄၃၄.၃၀
Fair value reserve	**၃,၄၆၈,၄၄၄,၂၇၈.၀၀**	၅,၇၂၇,၆၇၂,၁၇၇.၀၀
	၄,၆၅၃,၅၁၁,၉၂၂.၀၀	၆,၆၈၄,၅၇၈,၆၁၁.၃၀
စာရင်းပိတ်လက်ကျန်	**၉,၂၆၇,၆၅၆,၉၂၂.၀၀**	၁၀,၇၂၁,၆၂၃,၆၁၁.၃၀

(ဒါရိုက်တာ)

(အုပ်ချုပ်မှုဒါရိုက်တာ)

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်

၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

ငွေသားစီးဆင်းမှုရှင်းတမ်း

ငွေကြေး – မြန်မာကျပ်ငွေ

	၂၀၁၈	၂၀၁၇
လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ		
အခွန်မနှုတ်မီအသားတင်အမြတ်/(အရှုံး)	**၃၉,၅၀၃,၄၃၀.၉၃**	၄၀,၀၃၈,၂၄၄.၂၂
လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဆင်းမှုများကိုက်ညီရေးဆွဲချက်များ		
တန်ဘိုးလျော့	**၉၈၅,၈၅၆.၃၃**	၂,၉၄၇,၁၅၁.၀၀
လက်ငင်းရပိုင်ခွင့် (အတိုး)/အလျော့		
ကြိုတင်ပေးစာရင်း	**(၇၃၇,၄၀၆,၂၅၁.၀၉)**	၁,၁၂၅,၁၅၀,၀၀၀.၀၀
ရရန်ရှိစာရင်း	**(၂၀၅,၀၈၇,၇၀၇.၄၄)**	၆၇၀,၈၈၂,၈၉၇.၇၄
ပေးရန်တာဝန်များ အတိုး/(အလျော့)		
ပေးရန်ရှိစာရင်း	**၁၀၀,၉၀၉,၄၅၆.၀၄**	၃,၀၇၆,၈၁၇.၀၀
ရှယ်ယာရောင်းခြင်းမှအမြတ်ရငွေအတွက်ပေးရန်ရှိအခွန်	**၂၉,၁၂၁,၁၄၈.၅၀**	၄၉,၅၉၈,၀၂၆.၀၀
ကုန်သွယ်ခွန်လျာထားငွေ	**၁၉,၇၇၃,၉၇၅.၃၂**	–
ကြိုတင်ခွန်ပေးသွင်းခြင်း	**(၂,၄၆၀,၆၇၄.၄၂)**	–
လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)	**(၇၅၄,၆၆၀,၇၆၅.၈၃)**	၁,၈၉၁,၆၉၃,၁၃၅.၉၆
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဆင်းမှုများ		
အမြတ်ဝေစုရငွေ	**၄၉၆,၂၁၆,၅၀၀.၀၀**	၄၉၆,၀၁၅,၀၀၀.၀၀
ရှယ်ယာရောင်းခြင်းမှအမြတ်ရငွေ	**၂၆၂,၀၉၀,၃၃၆.၅၀**	၄၁၂,၃၇၇,၃၂၇.၀၀
ရင်းနှီးမြှုပ်နှံမှု	**၁၇၉,၂၁၇,၂၀၁.၀၀**	(၂,၂၈၅,၇၆၁,၅၂၃.၀၀)
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဝင်မှု/(အသုံးပြုမှု)	**၉၃၇,၅၂၄,၀၃၇.၅၀**	(၁,၃၇၇,၃၆၉,၁၉၆.၀၀)
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရငွေသားစီးဝင်မှုများ		
ကြိုတင်ရင်းနှီးငွေ	**၅၇၇,၁၀၀,၀၀၀.၀၀**	–
အမြတ်ဝေစုထုတ်ပေးငွေ	**(၅၅၉,၇၇၃,၂၀၀.၀၀)**	(၈၇၉,၆၄၃,၆၀၀.၀၀)
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)	**၁၇,၃၂၆,၈၀၀.၀၀**	(၈၇၉,၆၄၃,၆၀၀.၀၀)
ငွေသားအသားတင်တိုး /(လျော့)	**၂၀၀,၁၉၀,၀၇၁.၆၇**	(၃၆၅,၃၁၉,၆၆၀.၀၄)
နှစ်စရှိငွေနှင့်ဘဏ်လက်ကျန်	**၅၄,၈၆၉,၀၁၇.၉၀**	၄၂၀,၁၈၈,၆၇၇.၉၄
နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန် (မှတ်စု ၈)	**၂၅၅,၀၅၉,၀၈၉.၅၇**	၅၄,၈၆၉,၀၁၇.၉၀

(ဒါရိုက်တာ)

(အုပ်ချုပ်မှုဒါရိုက်တာ)

၁။ အထွေထွေ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ပြု၍ ကုမ္ပဏီ၏အကျိုး၊ အစုရှယ်ယာဝင်များ၏ အကျိုးကိုရှေးရှု၍ တိုင်းရင်းသား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များဖြင့် စိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ကိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ဦးဆောင်မှုဖြင့်ဖွဲ့စည်းတည်ထောင်ထားသော ပေးရန်တာဝန်ကို ကန့်သတ်ထားသည့် အများနှင့်ဆိုင်သည့် ကုမ္ပဏီဖြစ်ပါသည်။

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်သည် အစုရှယ်ယာများဖြင့် ပေးရန်တာဝန်များကို ကန့်သတ်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာကုမ္ပဏီများအက်ဥပဒေအရ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီသည် အောက်ဖော်ပြပါ အစိုးရကခွင့်ပြုသော ကုန်ပစ္စည်းများနှင့် ထုတ်ကုန်များကို မိမိတစ်ဦးတည်းဖြစ်စေ၊ မည်သည့်ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်များနှင့် ဖက်စပ်၍ဖြစ်စေ သွင်းကုန်လုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များ၊ လက်လီလက်ကားရောင်းသူများ၏ ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ရန်တည်ထောင်ခဲ့ပါသည်။

(က) လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းများ
(ခ) သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုးတန်ဘိုးမြှင့် သစ်အခြေခံကုန်ပစ္စည်းများ
(ဂ) ရေထွက်ကုန်ပစ္စည်းများ
(ဃ) စက်ရုံသုံးပစ္စည်း ကုန်ကြမ်းပစ္စည်းများ
(င) စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ။

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏ လိပ်စာသည် အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

၂။ အရေးပါသောစာရင်းပိုင်းဆိုင်ရာမူဝါဒအကျဉ်းချုပ်

<u>စာရင်းရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ</u>
ပူးတွဲပါဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ဖြစ်ရပ်များအပေါ် အခြေခံသည့် လုပ်ထုံးလုပ်နည်း (Historical Cost Convention) အရ ရေးဆွဲဖော်ပြထားပါသည်။

<u>နိုင်ငံခြားငွေကြေးအားပြောင်းလဲသတ်မှတ်ခြင်း</u>
<u>လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးနှင့်စာရင်းတင်ဖော်ပြသည့်ငွေကြေး</u>
(Functional and presentation currency)
ကုမ္ပဏီမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေး (Functional currency) ဟုသတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို (presentation currency) ဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

လုပ်ငန်းဆောင်ရွက်ချက်နှင့်စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့်ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင်ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ပြောင်းလဲထား ပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသောငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန် တာဝန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့်ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြား ငွေကြေးများကို စာရင်းရှင်းလင်းရာမှဖြစ်ပေါ်လာသော နိုင်ငံခြားငွေအရှုံး၊ အမြတ်များကို ဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်းထားပါသည်။

ခန့်မှန်းချက်နှင့်ဆုံးဖြတ်ချက်များအသုံးပြုခြင်း

မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ စာရင်းဆိုင်ရာမူဝါဒများပြုစုရာတွင် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာမူဝါဒများနှင့် အစီရင်ခံစာပါရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့်အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော အကဲဖြတ်မှုများ၊ ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့်ကွဲလွဲကောင်းကွဲလွဲနိုင်ပါသည်။ ခန့်မှန်းချက်နှင့်ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ၊ ပြန်လည်စိစစ်ချက်များကို ယင်းသို့ပြန်လည်စိစစ်သည့်ကာလနှင့် အကျိုးသက်ရောက်မှုရှိသော အနာဂတ်ကာလများတွင် စာရင်းဖော်ပြပါသည်။

ကုန်လက်ကျန်

ကုန်လက်ကျန်များကို ကုန်ကျတန်ဘိုး (သို့မဟုတ်) ရောင်းရနိုင်မည့်အသားတင်တန်ဘိုး ၂ ခု အနက် နည်းရာဖြင့် တန်ဘိုးသင့်ပါသည်။

ပုံသေပိုင်ပစ္စည်း;

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့ကိုနုတ်၍ဖော်ပြထားသည်။ တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်းများ၏ ခန့်မှန်းအသုံးဝင်မှုသက်တမ်းအပေါ်တွင် မူတည်၍မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။

တန်ဖိုးလျော့နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပရိဘောဂ	၁၀%
ကွန်ပြူတာနှင့်အပိုပစ္စည်းများ	၁၅%
စက်နှင့်စက်ပစ္စည်းများ	၁၅%
တယ်လီဖုန်း နှင့် ဖက်(စ်)	၁၅%
SUZUKI (R-)	၁၂.၅%

ပုံသေပိုင်ပစ္စည်းများကို တန်ဖိုးလျော့ကျဆင်းမှုရှိ-မရှိအခါအားလျော်စွာ လေ့လာဆန်းစစ်ပါသည်။ ဆက်လက်သယ်ဆောင်သောတန်ဖိုးသည် အမှန်တကယ်ပြန်လည်ရရှိနိုင်မည့် တန်ဖိုးထက်များနေပါက အမှန်တကယ်ပြန်လည်ရရှိနိုင်မည့် တန်ဖိုးထိရောက်အောင်တန်ဖိုးကို ချက်ချင်းလျော့ချပါသည်။ ပုံသေပိုင်ပစ္စည်းရောင်းချရာမှ ပေါ်ပေါက်လာသောအရှုံးအမြတ်ကို ၎င်းတို့၏ဆက်လက် သယ်ဆောင်သည့် တန်ဖိုးအား ရည်ညွှန်း၍ သတ်မှတ်ထားပြီး လုပ်ငန်းလုပ်ဆောင်မှုအမြတ် သတ်မှတ်ရာတွင်ထည့်သွင်းစဉ်းစားပါသည်။ ပြုပြင်ခြင်းနှင့်အသစ်လဲလှယ်ခြင်းများကို အသုံးစရိတ်ကျခံသည့်အချိန်တွင် ဝင်ငွေစာရင်းတွင် ရေးသွင်းထားပါသည်။

ရင်းနှီးမြှုပ်နှံမှု(Investment)

ရင်းနှီးမြှုပ်နှံမှုများကို ရောင်းလျှင်ရမည့်တန်ဖိုးနှင့်ကုန်ကျသည့်စရိတ်များပေါင်းပြီးတန်ဖိုးသင့်ထားပါသည်။ တန်ဖိုးပြောင်းလဲမှုရှိပါက အခြားဝင်ငွေအလုံးစုံနှင့် Equity အဖြစ်စာရင်းရေးသွင်းပါသည်။

ငွေလက်ကျန်

ငွေလက်ကျန်တွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေသားလက်ကျန်များပါဝင်ပါသည်။

ဝင်ငွေအဖြစ်စာရင်းဖော်ဆောင်ခြင်း

ဝင်ငွေအဖြစ်စာရင်းရေးသွင်းရာ၌ လုပ်ငန်းဆောင်ရွက်မှု၏ အကျိုးအမြတ်များသည် အဖွဲ့အစည်းသို့ စီးဝင်လာဖွယ်ရှိခြင်းနှင့် ဝင်ငွေ၏ပမာဏကို ခိုင်ခိုင်မာမာတွက်ချက်နိုင်မှသာလျှင် ဝင်ငွေအဖြစ် စာရင်းရေးသွင်းပါသည်။

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ–

(က) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ တစ်ဦး(သို့မဟုတ်) တစ်ဦးထက်ပိုသောအဖွဲ့မှ

(၁) ထိန်းချုပ်မှုများ၊ တစ်ဦးတစ်ယောက်မှထိန်းချုပ်ခြင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပူးတွဲထိန်းချုပ်ခြင်း၊

(ဤတွင် မိခင်ကုမ္ပဏီများ၊ လက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများ)

(၂) သြဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင် အကျိုးခံစားခွင့်ရှိခြင်း၊

(၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အဖွဲ့အစည်းသည် ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည် လုပ်ငန်း(သို့မဟုတ်) မိခင်ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူ ဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) သို့မဟုတ် (ဃ)တွင် ရည်ညွှန်းထားသောမိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့်ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ (ဃ) သို့မဟုတ် (င)တွင် ရည်ညွှန်းထားသောတစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) သြဇာလွှမ်းမိုးခံရသော သို့မဟုတ် ထိုအဖွဲ့အစည်းတွင် အထင်ကရမဲပေးပိုင်ခွင့်ရှိသူ၏ သြဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်ကာလနောက်ပိုင်း ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆို၊

၃။ **Financial Risk Management**

ကုမ္ပဏီ၏ Financial risk များကို စီမံခန့်ခွဲနေစဉ်အတွင်း လုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုံလောက်သော ငွေကြေးဆိုင်ရာအရင်းအမြစ်များရရှိနိုင်မှုကို သေချာစေရန် ကုမ္ပဏီ၏ Financial Risk Policy စီမံခန့်ခွဲသည့်မူဝါဒအရ ကြိုးပမ်းသည်။ ကုမ္ပဏီမှရင်ဆိုင်နေရသော အဓိကဘဏ္ဍာရေး risk နယ်ပယ်များနှင့် ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်နှင့်သက်ဆိုင်သော မူဝါဒမှာအောက်ပါအတိုင်းဖြစ်ပါသည်။

<u>Foreign exchange risk</u>

ကုမ္ပဏီသည် နိုင်ငံခြားငွေဖြင့် သတ်မှတ်ဖော်ပြထားသည့် ကြီးမားသည့်လုပ်ငန်းဆောင်ရွက်မှု၊ ပိုင်ဆိုင်ပစ္စည်းများ (သို့) ပေးရန်တာဝန်များမရှိပါ။ ထို့ကြောင့် ကုမ္ပဏီသည် နိုင်ငံခြားငွေလဲလှယ်မှု risk နှင့် ကြုံတွေ့ရခြင်းမရှိပါ။

<u>Interest rate risk</u>

ငွေစုဘဏ်အပ်ငွေနှင့် ချေးငွေများအတွက် အတိုးဝင်ငွေနှင့် ကုန်ကျစရိတ်များကို ထိရောက်သည့် အတိုးတွက်နည်းအား အသုံးပြု၍ အတိုးကျတန်ဖိုးဖြင့် တိုင်းတာပြီးဝင်ငွေရှင်းတမ်းတွင်ဖော်ပြပါမည်။

<u>Credit risk</u>

စာရင်းရေးသွင်းထားသော ငွေကြေးနှင့်သက်ဆိုင်သည့် ရပိုင်ခွင့်များနှင့် ဆက်နွယ်လျက်ရှိသော အများဆုံး Credit risk မှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့် ဆက်လက်သယ်ဆောင်သော တန်ဘိုးဖြစ်ပါသည်။

<u>Market risk</u>

ကုမ္ပဏီသည် မည်သည့် Market risk ကို ဖော်ပြထားခြင်း မရှိပါ။

<u>Liquidity and cash flow risk</u>

ငွေသားစီးဆင်းမှုအတက်အကျ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသောလက်ကျန်ငွေများကို ကုမ္ပဏီမှ စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

အထက်ပါ risk များကိုလျော့နည်းစေရန်နှင့် အစုရှင်များ၏အကျိုးစီးပွားကို ကာကွယ်နိုင်ရန် ဒါရိုက်တာအဖွဲ့သည်စာရင်းစစ်ကော်မတီ(Audit Committee)၊ စည်းကမ်းဆိုင်ရာစိုးမိုးရေးကော်မတီ (Governance Committee)၊ အခကြေးငွေမျှတရေးကော်မတီ (Remuneration Committee)၊ လူမှန်နေရာမှန်ရရှိရေးကော်မတီ (Nomination Committee)တို့ကိုဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ပါမည်။

၄။ **ပုံသေပိုင်ပစ္စည်း**

ပုံသေပိုင်ပစ္စည်းစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

အကြောင်းအရာ	ပရိဘောဂ	ကွန်ပျူတာနှင့်အသုံးအဆောင်ပစ္စည်းများ	စက်နှင့်စက်ပစ္စည်းများ	တယ်လီဖုန်းနှင့်ဖက်(စ်)	SUZUKI (R-)	စုစုပေါင်း
မူရင်းတန်ဖိုး						
၃၁–၃–၂၀၁၆	၇,၁၆၈,၈၅၀.၀၀	၅,၂၈၇,၂၀၀.၀၀	၂,၅၃၃,၂၅၀.၀၀	၁၁,၇၅၁,၇၆၀.၀၀	၁၆,၄၅၀,၀၀၀.၀၀	၄၃,၁၉၁,၀၆၀.၀၀
နှစ်အတွင်းဝယ်	–	–	–	–	–	–
၃၁–၃–၂၀၁၇	၇,၁၆၈,၈၅၀.၀၀	၅,၂၈၇,၂၀၀.၀၀	၂,၅၃၃,၂၅၀.၀၀	၁၁,၇၅၁,၇၆၀.၀၀	၁၆,၄၅၀,၀၀၀.၀၀	၄၃,၁၉၁,၀၆၀.၀၀
နှစ်အတွင်းဝယ်	–	–	–	–	–	–
၃၁–၃–၂၀၁၈	၇,၁၆၈,၈၅၀.၀၀	၅,၂၈၇,၂၀၀.၀၀	၂,၅၃၃,၂၅၀.၀၀	၁၁,၇၅၁,၇၆၀.၀၀	၁၆,၄၅၀,၀၀၀.၀၀	၄၃,၁၉၁,၀၆၀.၀၀
စုစုပေါင်းတန်ဖိုးလျော့						
၃၁–၃–၂၀၁၆	၄,၆၂၃,၀၅၆.၈၃	၄,၅၆၉,၇၆၀.၀၀	၂,၅၃၃,၂၄၉.၀၀	၁၁,၂၄၈,၅၄၆.၅၀	၁၄,၇၁၃,၅၄၁.၆၇	၃၇,၆၈၈,၁၅၄.၀၀
နှစ်အတွင်းတန်ဖိုးလျော့	၇၁၆,၈၈၅.၀၀	၄၂၄,၇၅၃.၀၀	–	၈၀,၅၁၄.၀၀	၁,၇၂၄,၉၉၉.၀၀	၂,၉၄၇,၁၅၁.၀၀
၃၁–၃–၂၀၁၇	၅,၃၃၉,၉၄၁.၈၃	၄,၉၉၄,၅၁၃.၀၀	၂,၅၃၃,၂၄၉.၀၀	၁၁,၃၂၉,၀၆၀.၅၀	၁၆,၄၃၈,၅၄၀.၆၇	၄၀,၆၃၅,၃၀၅.၀၀
နှစ်အတွင်းတန်ဖိုးလျော့	၇၀၇,၀၀၆.၀၀	၁၈၆,၈၇၉.၀၀	–	၈၀,၅၁၄.၀၀	၁၁,၄၅၇.၃၃	၉၈၅,၈၅၆.၃၃
၃၁–၃–၂၀၁၈	၆,၀၄၆,၉၄၇.၈၃	၅,၁၈၁,၃၉၂.၀၀	၂,၅၃၃,၂၄၉.၀၀	၁၁,၄၀၉,၅၇၄.၅၀	၁၆,၄၄၉,၉၉၈.၀၀	၄၁,၆၂၁,၁၆၁.၃၃
အသားတင်တန်ဖိုး						
၃၁–၃–၂၀၁၈	၁,၁၂၁,၉၀၂.၁၇	၁၀၅,၈၀၈.၀၀	၁.၀၀	၃၄၂,၁၈၅.၅၀	၂.၀၀	၁,၅၆၉,၈၉၈.၆၇
၃၁–၃–၂၀၁၇	၁,၈၂၈,၉၀၈.၁၇	၂၉၂,၆၈၇.၀၀	၁.၀၀	၄၂၂,၆၉၉.၅၀	၁၁,၄၅၉.၃၃	၂,၅၅၅,၇၅၅.၀၀

၅။ **ရင်းနှီးမြှုပ်နှံမှု**

ရင်းနှီးမြှုပ်နှံမှုစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
စာရင်းဖွင့်လက်ကျန်		
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက် (၁,၇၇၁,၉၉၆ စု @ ၂,၈၅၀ ကျပ်)	**၅,၀၅၀,၁၈၈,၆၀၀.၀၀**	၇,၈၈၈,၆၃၃,၇၀၀.၀၀
မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက် (၂၀၀,၀၀၀ စု @ ၁,၂၅၀ ကျပ်)	**၂,၅၀၀,၀၀၀,၀၀၀.၀၀**	၂,၁၀၀,၀၀၀,၀၀၀.၀၀
မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ်ပတ်ဘလစ်လီမိတက် (၇၂,၄၈၀ စု@ ၁၀,၀၀၀ ကျပ်)	**၇၂၄,၈၀၀,၀၀၀.၀၀**	၇၂၄,၈၀၀,၀၀၀.၀၀
စာရင်းပိတ်လက်ကျန်	**၈,၂၇၄,၉၈၈,၆၀၀.၀၀**	၁၀,၇၁၃,၄၃၃,၇၀၀.၀၀

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင်၃၁–၃–၂၀၁၈နေ့တွင်အရောင်းအဝယ်ဖြစ်သော ဈေးနှုန်းဖြင့် တန်ဘိုးသင့်ထားပါသည်။
မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာများကို ၃၁–၃–၂၀၁၈ နေ့တွင် ရောင်းဝယ်၍ရသော ဈေးနှုန်းဖြင့် တန်ဘိုးသင့်ထားပါသည်။
မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ်ပတ်ဘလစ်လီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာများကို တန်ဘိုးရင်းမှဆုံးရှုံးမှုနှုတ်ယူခြင်းစနစ် (as cost less impairment) ဖြင့်စာရင်းတင်ထားပါသည်။

၆။ **ကြိုတင်ပေး**

ကြိုတင်ပေးစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ်ပတ်ဘလစ်လီမိတက် တွင်ရင်းးနှီးမြှုပ်နှံရန်ကြိုတင်ပေးငွေ	၆၈၂,၀၅၆,၀၀၀.၀၀	၃၀၀,၀၀၀.၀၀
*ဆန်စပါးလုပ်ငန်းအတွက်ကြိုတင်ထုတ်ငွေ	၁၉၄,၀၀၀,၀၀၀.၀၀	၂၀၀,၀၀၀,၀၀၀.၀၀
ကြိုတင်ပေးဝင်ငွေခွန်	၄၄,၇၄၁,၅၇၄.၀၉	၄၂,၀၉၁,၃၂၂.၀၀
ကြိုတင်ပေးတာဝါတိုင်အသုံးစရိတ်	၅၉,၀၀၀,၀၀၀.၀၀	–
** သကြားတင်သွင်းရန်ကြိုတင်ငွေပေးခြင်း	၂၀,၀၀၀,၀၀၀.၀၀	၂၀,၀၀၀,၀၀၀.၀၀
	၉၉၉,၇၉၇,၅၇၄.၀၉	၂၆၂,၃၉၁,၃၂၂.၀၀

*ဆန်စပါးအတွက် ကာလလတိုလုပ်ငန်းဆောင်ရွက်ရန် ဦးစိန်ဝင်းလှိုင်မှ တာဝန်ခံထုတ်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းလုပ်ကိုင်ငွေကျပ်သိန်း (၂,၀၀၀) အနက်မှ ၃၀–၃–၂၀၁၈ နေ့တွင် ကျပ် သိန်း(၆၀) နှင့် ၁၈–၇–၂၀၁၈ နေ့တွင် ကျပ် (၄၂)သိန်း ပြန်လည်ပေးသွင်းခဲ့ပါသည်။ ကျန်ငွေများအတွက်လည်း GLAD ကုမ္ပဏီ ၏ ဒါရိုက်တာများအနေနှင့် ဆုံးရှုံးမှုမရှိစေရန် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သကြားတင်သွင်းရန် ကြိုတင်ထုတ်ယူငွေ ကျပ်သိန်း (၂၀၀)အား ပြန်လည်ရရှိရေးအတွက် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ရရန်ရှိစာရင်း

ရရန်ရှိစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှရရန်ရှိ		
ရွှေနဂါးမင်းထရေးဒင်းကုမ္ပဏီလီမိတက်	–	၂၀,၀၀၀,၀၀၀.၀၀
*MYANMAR ACME Co., Ltd	၃၉၈,၄၇၅,၀၀၀.၀၀	၃၉၈,၄၇၅,၀၀၀.၀၀
ဒါရိုက်တာများမှယာယီစိုက်ထုတ်ပေးငွေ	(၅၇,၀၀၀,၀၀၀.၀၀)	–
မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ်ပတ်ဘလစ်လီမိတက် (တာဝါတိုင်လုပ်ငန်း)	၂၈၂,၂၉၁,၃၉၃.၅၀	–
ရရန်ရှိဘဏ်တိုးငွေ	၁,၂၆၂,၇၂၉.၂၉	၁,၄၆၆,၄၁၅.၃၅
	၆၂၅,၀၂၉,၁၂၂.၇၉	၄၁၉,၉၄၁,၄၁၅.၃၅

*MYANMAR ACME Co., Ltd ၏ ဥက္ကဋ္ဌနှင့် GLAD ၏ယခင် MD တာဝန်ထမ်းဆောင်ခဲ့သူ ဦးစိန်ဝင်းလှိုင်မှ ဆန်နှင့်သကြားအကျိုးတူမစခင် ဆောင်ရွက်ရန်ပေးအပ်ထားသောငွေများအားလုပ်ငန်းများ မအောင်မြင်၍ထုတ်ယူငွေနှင့်အကျိုးအမြတ်များ ဆက်လက်ပေးဆောင်နိုင်ခြင်းမရှိတော့၍ ၁၅-၁၂-၂၀၁၇ နေ့တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ အကျိုးအမြတ်များကို ၃၁-၁၂-၂၀၁၆ နေ့အထိသာ ရရန်ရှိအဖြစ်ပေးသွင်းရန်ဆုံးဖြတ်ခဲ့ကြပါသည်။ ဒါရိုက်တာအဖွဲ့မှ အကြိမ်ကြိမ်တွေ့ဆုံ၍ ကြိုးစားတောင်းခံရာ ဦးစိန်ဝင်းလှိုင်မှထုတ်ယူငွေနှင့်အကျိုးအမြတ်များအား အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပေးသွင်းခြင်းမရှိသေး၍ မကွေးတိုင်း၊ ဖွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်ရှိဦးစိန်ဝင်းလှိုင်နှင့် မိသားစုများပိုင်ဆိုင်သောမြေ (၁၃၅.၆၇ဧက)၏ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းများနှင့် ၄င်းပိုင်ဆိုင်သော ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး လီမိတက်ထံတွင် ထည့်ဝင်ထားသည့် အစုရှယ်ယာ အစု (၃,၀၀၀) စုတို့ကိုအာမခံအဖြစ်ရယူထားပါသည်။

ထို့အပြင် အစုရှယ်ယာရှင်များ၏အကျိုးကိုရှေ့ရှု၍ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဦးဝင်းအောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်ကြသော ဦးမင်းစိန်၊ ဦးထွန်းအောင်၊ ဦးအောင်ဇော်ဦး၊ ဒေါ်ရန်လင်းတို့မှ တစ်ဦးလျှင်ကျပ် သိန်း(၁၀၀)စီနှင့် ဦးခိုင်ဒွေးမှကျပ်သိန်း(၅၀)၊ ဦးချစ်ဆွေနှင့် ဦးကျော်တင်မြင့်တို့မှ ကျပ်သိန်း(၁၀)စီဖြင့် စုစုပေါင်း ကျပ် သိန်း(၅၇၀) အား၊ ၂၁-၁၂-၂၀၁၇ နေ့တွင်ယာယီစိုက်ထုတ် ပေးသွင်းပြီးဖြစ်ပါသည်။

ဦးစိန်ဝင်းလှိုင်သည် အဆိုပါအကျိုးတူပူးပေါင်းဆောင်ရွက်ရန် ထုတ်ယူငွေအားလုံးကို ၃၀-၆-၂၀၁၈ နေ့တွင်အပြီး ပြန်လည်ပေးသွင်းမည်ဟုဝန်ခံကတိပြုထားသော်လည်း ဝန်ခံချက်အတိုင်းပြန်လည်ပေးသွင်းရန် အကြိမ်ကြိမ်ညှိနှိုင်း ခဲ့သော်လည်း လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိ၍ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်နေ့တွင် လမ်းမတော်မြို့ နယ်တရားရုံးတွင် အမှုဖွင့်တိုင်ကြားခဲ့ပါသည်၊

၈။ ငွေနှင့်ဘဏ်လက်ကျန်

ငွေနှင့်ဘဏ်လက်ကျန်စာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
ငွေလက်ကျန်	၁၁,၀၆၇,၂၁၈.၀၀	၄,၈၉၇,၀၁၅.၀၀
ဘဏ်လက်ကျန်	၂၄၃,၉၉၁,၈၇၁.၅၇	၄၉,၉၇၂,၀၀၂.၉၀
	၂၅၅,၀၅၉,၀၈၉.၅၇	၅၄,၈၆၉,၀၁၇.၉၀

၉။ **Fair value reserve**

Fair value reserve အသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်		
စာရင်းဖွင့်	၅,၆၂၇,၆၇၂,၁၇၇·၀၀	–
နှစ်အတွင်းတန်ဘိုးသင့်ခြင်း(၁,၉၂၄,၀၅၇ စု @ ကျပ် ၂,၉၂၄·၈၉)		၅,၆၂၇,၆၇၂,၁၇၇·၀၀
နှစ်အတွင်းရောင်းခြင်း (၁၅၂,၅၁၁ စု@ ကျပ် ၂,၉၂၄·၈၉)	(၄၄၆,၀၇၇,၈၉၉·၀၀)	–
တန်ဘိုးကျ၍ဆုံးရှုံးခြင်း	(၂,၂၁၃,၁၅၀,၀၀၀·၀၀)	–
နှစ်ဆုံးရှိတန်ဘိုး (၁,၇၇၁,၉၉၆ စု ကျပ် ၂,၆၇၅)	၂,၉၆၈,၄၄၄,၂၇၈·၀၀	၅,၆၂၇,၆၇၂,၁၇၇·၀၀
မြန်မာအက်ဂရိအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက်		
စာရင်းဖွင့် (၂,၀၀၀,၀၀၀ စု @ ကျပ် ၅၀)	၁၀၀,၀၀၀,၀၀၀·၀၀	–
နှစ်အတွင်းတန်ဘိုးတိုးခြင်း (၂,၀၀၀,၀၀၀ စု @ ကျပ် ၂၀၀)	၄၀၀,၀၀၀,၀၀၀·၀၀	၁၀၀,၀၀၀,၀၀၀·၀၀
နှစ်ဆုံးရှိတန်ဘိုး (၂,၀၀၀,၀၀၀ စု ကျပ် ၂၅၀)	၅၀၀,၀၀၀,၀၀၀·၀၀	၁၀၀,၀၀၀,၀၀၀·၀၀
နှစ်ဆုံးရှိလက်ကျန်	၃,၄၆၈,၄၄၄,၂၇၈·၀၀	၅,၇၂၇,၆၇၂,၁၇၇·၀၀

၁၀။ **ပေးရန်ရှိစာရင်း**

ပေးရန်ရှိစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
လာရောက်ထုတ်ယူခြင်းမရှိသေးသောအမြတ်ဝေစု	၉၄,၅၃၉,၂၅၈·၀၀	၅၂,၀၂၆,၅၅၈·၀၀
WFP သို့ tender ဖြင့်ဆန်ပို့ခြင်းအတွက်အခွန်ပေးဆောင်ရန်ကြိုတင်ယူထားငွေ	၄၇၉,၁၇၅·၆၀	၄၇၉,၁၇၅·၆၀
ပေးရန်ရှိစရိတ်များ	၂၈,၀၇၈,၃၅၉·၀၄	၅,၆၇၆,၇၀၀·၀၀
ကုမ္ပဏီ(၇)ခုအား ရှယ်ယာအမြတ်အတွက်ပေးရန်ရှိ	–	၃၄,၀၀၄,၉၀၃·၀၀
*ခေတ္တစိုက်ထားငွေ	၇၀,၀၀၀,၀၀၀·၀၀	–
	၁၉၃,၀၉၆,၇၉၂·၆၄	၉၂,၁၈၇,၃၃၆·၆၀

*ခေတ္တစိုက်ထားငွေအား ၂–၄–၂၀၁၈ နေ့တွင်ပြန်လည်ပေးဆပ်ပြီးဖြစ်ပါသည်။

၁၁။ အခွန်လျာထားငွေ

အခွန်လျာထားငွေစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
ကုန်သွယ်လုပ်ငန်းခွန်		
၂၀၁၂–၂၀၁၃(ပြည်တွင်းအရောင်း)	**၅၄,၀၆၈,၂၈၇.၀၀**	၅၄,၀၆၈,၂၈၇.၀၀
၂၀၁၃–၂၀၁၄	**၂၈,၈၈၇,၂၃၀.၀၀**	၂၈,၈၈၇,၂၃၀.၀၀
၂၀၁၇–၂၀၁၈	**၁၇,၃၁၃,၃၀၀.၉၀**	–
ဝင်ငွေခွန်		
၂၀၁၂–၂၀၁၃	**၁၂,၄၈၀,၀၉၁.၂၈**	၁၂,၄၈၀,၀၉၁.၂၈
၂၀၁၃–၂၀၁၄	**၇၈,၅၀၉,၃၄၁.၁၂**	၇၈,၅၀၉,၃၄၁.၁၂
၂၀၁၄–၂၀၁၅	**၁၂၃,၄၂၂,၂၅၂.၃၀**	၁၂၃,၄၂၂,၂၅၂.၃၀
၂၀၁၅–၂၀၁၆	**၇၉,၇၉၁,၈၇၁.၅၇**	၇၉,၇၉၁,၈၇၁.၅၇
၂၀၁၆–၂၀၁၇	**၁၀,၀၀၉,၅၆၁.၀၅**	၁၀,၀၀၉,၅၆၁.၀၅
၂၀၁၇–၂၀၁၈	**၉,၈၇၅,၈၅၇.၇၃**	–
အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်ထမ်းဆောင်ရမည့်အခွန်	**၂၀၂,၆၁၃,၆၀၃.၀၃**	၂၀၂,၆၁၃,၆၀၃.၀၃
ရှယ်ယာရောင်းခြင်းမှမြတ်စွန်းငွေအပေါ်ပေးဆောင်ရမည့်အခွန်	**၇၈,၇၁၉,၁၇၄.၅၀**	၄၉,၅၉၈,၀၂၆.၀၀
	၆၉၅,၆၉၀,၅၇၀.၄၈	၆၃၉,၃၈၀,၂၆၃.၃၅

၁၂။ အခြားရငွေများ

အခြားရငွေစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
နိုင်ငံခြားငွေလဲလှယ်နှုန်းခြားနားငွေ	–	၃,၈၈၁,၅၀၃.၃၆
အခြားရငွေ	**၅,၀၁၇,၉၅၀.၁၅**	–
ဘဏ်တိုးရငွေ	**၄,၉၆၂,၈၉၆.၇၅**	၂၆,၇၃၅,၄၉၉.၈၆
	၉,၉၈၀,၈၄၆.၉၀	၃၀,၆၁၇,၀၀၃.၂၂

၁၃။ **စီမံခန့်ခွဲမှုစရိတ်**

စီမံခန့်ခွဲမှုစရိတ်စာရင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၁၈	၂၀၁၇
ဝန်ထမ်းလစာနှင့် ဆုကြေးငွေ	**၂၀,၆၀၀,၀၀၀·၀၀**	၁၃,၀၇၅,၀၀၀·၀၀
ဘဏ်စရိတ်	**၇၂,၁၅၀·၀၀**	၁၈,၄၀၀·၀၀
ဒါရိုက်တာအခကြေးငွေ	**၁၁,၃၀၀,၀၀၀·၀၀**	၁၉,၅၀၀,၀၀၀·၀၀
အတိုးပေးရငွေ	**၄,၄၂၇,၇၇၁·၀၀**	–
ဧည့်ခံစရိတ်	**၁,၃၃၆,၂၁၅·၀၀**	၁,၄၃၆,၁၄၀·၀၀
ဂိုဒေါင်ငှားရမ်းခ	**–**	၅၀,၀၀၀,၀၀၀·၀၀
အလုပ်သမားစရိတ်	**၁၂,၀၀၀·၀၀**	၆,၀၀၀·၀၀
လျှပ်စစ်မီတာခ	**၂၅၆,၃၀၀·၀၀**	၃၄၂,၈၀၈·၀၀
ပြုပြင်ထိန်းသိမ်းစရိတ်	**၂၁၄,၀၀၀·၀၀**	၉၁၅,၅၀၀·၀၀
အခြားအထွေထွေစရိတ်	**၁၃၅,၁၅၀·၀၀**	၂၀၄,၄၅၀·၀၀
သတင်းစာနှင့်ဂျာနယ်	**၆၀,၀၀၀·၀၀**	၆၅,၀၀၀·၀၀
ရုံးသုံးပစ္စည်းကုန်ကျစရိတ်	**၂၇,၅၅၀·၀၀**	၁၁၇,၃၆၀·၀၀
ခရီးစရိတ်	**၁,၃၁၀,၈၀၀·၀၀**	၁,၇၉၃,၀၀၀·၀၀
စာရင်းစစ်ခ	**၆,၃၀၀,၀၀၀·၀၀**	၅,၂၅၀,၀၀၀·၀၀
စာတိုက်နှင့် ဆက်သွယ်ရေးစရိတ်	**၂၈၉,၅၅၀·၀၀**	၃၀၈,၀၅၀·၀၀
အစုရှယ်ယာထုတ်ရောင်းအတွက်ကုန်ကျစရိတ်	**၂,၀၅၂,၀၀၀·၀၀**	–
စာရေးကိရိယာများ	**၄၄၄,၂၀၀·၀၀**	၃၂၄,၀၀၀·၀၀
ဝန်ဆောင်ခစရိတ်များ	**၃,၇၇၈,၅၃၅·၀၀**	၃,၉၄၉,၅၀၀·၀၀
အလှူငွေနှင့်လက်ဆောင်ပေးခြင်း	**၃၀၀,၀၀၀·၀၀**	၂၀၀,၀၀၀·၀၀
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကုန်ကျစရိတ်	**၁၆,၈၁၆,၄၀၇·၀၀**	၉,၄၆၁,၇၀၀·၀၀
တန်ဖိုးလျော့စရိတ်များ	**၉၈၅,၈၅၆·၃၃**	၂,၉၄၇,၁၅၁·၀၀
ရုံးခန်းငှါးခ	**၈,၇၀၆,၀၀၀·၀၀**	၈,၇၂၆,၀၀၀·၀၀
မှတ်ပုံတင်ကြေး	**၅၀,၀၀၀·၀၀**	၂၃၀,၇၀၀·၀၀
အသင်းဝင်ကြေး	**–**	၁၀၈,၀၀၀·၀၀
အခန်းငှားရမ်းခ	**၁၃၀,၀၀၀·၀၀**	–
နိုင်ငံခြားငွေလဲလှယ်နှုန်းခြားနားငွေ	**၇၄၂,၂၆၄·၃၂**	–
	၈၀,၃၄၆,၇၄၈·၆၅	၁၁၈,၉၇၈,၇၅၉·၀၀

၁၄။ **Related Party transactions**

ဘဏ္ဍာရေးရှင်းတမ်း၏ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါလုပ်ငန်းလုပ်ဆောင်ချက်များသည် အုပ်စုနှင့် ဆက်နွယ်ပတ်သက်နေသော အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက်များနှင့်အတူ ပေါ်ပေါက်ခဲ့ပါသည်။

စဉ်	ကုမ္ပဏီအမည်	ဆက်နွယ်နေသော ပုဂ္ဂိုလ်များ	ရာထူး	၂၀၁၈	၂၀၁၇
	အကျိုးတူရငွေ				
၁။	Myanmar ACME Co., Ltd ရရန်ရှိ	ဦးစိန်ဝင်းလှိုင်	ဥက္ကဋ္ဌ	၃၉၈,၄၇၅,၀၀၀	၃၉၈,၄၇၅,၀၀၀
	ရင်းနှီးမြှုပ်နှံမှု				
၂။	မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ် လီမိတက် (၁၇၇၁၉၉၆ စု@ ၁,၁၇၅/–)	ဦးဝင်းအောင်	ဥက္ကဋ္ဌ	၂,၀၈၂,၀၉၅,၃၀၀	၁,၉၂၄,၀၅၇,၀၀၀
၃။	မြန်မာအက်ဂရီအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက် (၂၀၀၀၀၀၀ စု @ ၁၀၀၀/–)	ဦးဝင်းအောင်	ဥက္ကဋ္ဌ	၂,၀၀၀,၀၀၀,၀၀၀	၂,၀၀၀,၀၀၀,၀၀၀

ဒါရိုက်တာဆုကြေးငွေ

၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၁၁,၃၀၀,၀၀၀ ကျပ်ကို ဒါရိုက်တာ(၁၁)ဦးအား ဆုကြေးငွေအဖြစ် ထုတ်ပေးခဲ့ပါသည်။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့မှ ဒါရိုက်တာဆုကြေးငွေကိုရယူခြင်းမရှိပါ။

၁၅။ **အမြတ်ဝေစုခွဲဝေခြင်း**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ(၂)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၈) ဆုံးဖြတ်ချက်အရ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်အထိထည့်ဝင်ထားသော အစုရှယ်ယာငွေပေါ်တွင်အမြတ်ဝေစုအား ၁၂% ဖြင့်ထုတ်ပေးရန်အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၁၆။ **ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း**

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန်အတည်ပြုခဲ့ပါသည်။